ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-7-2010) (၆၄၅၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ လေယာဉ်စက်ရုံနှင့် ရေနက်ဆိပ်ကမ်းတို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက်တွင် ရှန်ဟိုင်းမြို့ရှိ လေယာဉ်စက်ရုံနှင့် ရေနက်ဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့❖

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ လေယာဉ်စက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။
(အပေါ်ပုံ)(သတင်းစဉ်)

ရှန်ဟိုင်းမြို့ရှိ ရေနက်ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ ဆောင်ရွက်နေမှုများကို တွေ့ရစဉ်။
(သတင်းစဉ်)

ကြေးမုံ
The Mirror
၁၄-၇-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှုတိုးတက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရေမြေတောတောင်သဘာဝချင်းဆက်စပ်နေသည်။ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံပြည်သူများ ဆွေမျိုးညီအစ်ကိုစိတ်ဓာတ်ဖြင့် နှစ်ပေါင်းရှည်ကြာ ကူးလူးဆက်ဆံလာခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်လည်ပတ်မှုများနှင့်အတူ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု စိတ်ဓာတ်များ ပိုမိုခိုင်မြဲတိုးတက်လျက်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီးစဉ်အတွင်း ချုပ်ဆိုခဲ့ကြသည့် စာချုပ်ပါလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇူလိုင် ၄ရက်က ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် မစ္စတာလီချန်ချွင်းနှင့် ကျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးသည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သည့် နှစ်ပေါင်း(၆၀)အတွင်း နှစ်နိုင်ငံဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုနှင့် ကဏ္ဍစုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ပွင့်လင်းစွာဆွေးနွေးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ရောက်ရှိနေသော အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဇူလိုင် ၆ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီပေါလစ်ဗျူရို အမြဲတမ်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် မစ္စတာလီခချန်နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းသို့တွေ့ဆုံကြရာတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုရလဒ်များ၊ နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးအပါအဝင် စွမ်းအင်၊ ရေအားလျှပ်စစ်၊ ပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးစသည့် ကဏ္ဍစုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံအကြားဖြစ်တည်နေသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာမြဲမြံစေပြီး ကဏ္ဍစုံတွင်မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာရေးအထောက်အကူပြုလျက် ရှိနေပြီဖြစ်ပါသည်။ ။

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကော့သောင်းမြို့ မြရည်ပုလဲလမ်းပေါ်ရှိ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုနှင့် အုတ်ဘောင်ခံ ကွန်ကရစ်ခင်း တံတားတည်ဆောက်မှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

ပျဉ်းမနားတပ်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၁၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်တွင် တည်ဆောက်လျက်ရှိသော စစ်မှုထမ်းအိမ်ရာစီမံကိန်းများသို့ ကြည့်ရှုစစ်ဆေးပြီး အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် ပျဉ်းမနားတပ်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ စစ်သည်မိသားစုဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တိုင်းမှူးက စိန်ပန်းပင်ကို စိုက်ပျိုးပေးပြီးနောက် တာဝန်ရှိသူများနှင့် စစ်သည် မိသားစုဝင်များက သစ်ပင်များကို စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေ မီးသတ်အဆောက်အအုံသစ်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာနမှ ဗိုလ်မှူးကြီးတင်မိုး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းသို့ သွားရောက်ပြီး ဆောက်လုပ်လျက်ရှိသည့် အဆင့်မြင့်ငါးယူနစ် နှစ်ထပ်မီးသတ်စခန်းနှင့်ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မီးသတ်စခန်းရှိ တာဝန်ခံနှင့်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ မီးလောင်မှု လျော့နည်းကျဆင်းရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ရေး၊ မီးသတ်ယာဉ်အသင့်၊ လူအသင့်၊ စက်သုံးဆီအသင့်ရှိရေးနှင့် ပြည်သူလူထုအားကိုးရသည့် မီးသတ်တပ်ဖွဲ့ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရေး၊ ဝန်ထမ်းနေအိမ်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန သိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးထွေးနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကျိုက်ဝိုင်းသိုလှောင်ရုံ၌ ဆောက်လုပ်လျက်ရှိသော လေးခန်းတွဲ တစ်ထပ်ဝန်ထမ်းနေအိမ် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးသောက်ပန်း ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၃

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော ဇူလိုင် ၁၃ရက်ထုတ် မိုးသောက်ပန်းဂျာနယ် အတွဲ(၁၃)၊ အမှတ်(၂၂)တွင် ကာတွန်းတင်အောင်နီ၏ ဘဘ၊ ဘဘူ၊ ကာတွန်းသန့်စင်၏ ဘဲဥနှင့် စူပါမှုန်ကြီး၊ ကာတွန်းအကိန်း၏ ဖိုးရွှေယုန်၊ ကာတွန်းသိကျာ၏ ဘိန်းမုန့်နဲ့ဟမ်ဘာဂါ၊ ကာတွန်းနေခြည်၏ ကြောင်ရုပ်ဆိုးနဲ့ ကြွက်ညီနောင်၊ ကာတွန်းကိုငယ်၏ ဖိုးကဲစိန်နှင့် လေးလေးပါနောက်၊ ကာတွန်းဇက်တီ၏ ကြွက်ပေါ်နှင့် ကဗျာကဏ္ဍတွင် သိပ္ပံစိုးမြင့်နိုင်၏ ပန်းခူးလှူကြ ဝါဆိုလ၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ မိတ်ဆွေကိုရန်သူ၊ ရန်သူကို မိတ်ဆွေထင်သော လုလင်အကြောင်းနှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် ဆုဒိုခုပြိုင်ပွဲများနှင့်အတူ ကဏ္ဍစုံ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေ ဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ်(၁၈၁) ၃၂လမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် ၅၅၉၂၇၃တို့တွင် ဆက်သွယ်မှာယူနိုင်ပါကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးလွန်းသီအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Cho Byungiae သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (ရန်ကုန်)၏ ဟောပြောပွဲ

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS for SMEs (Part-VII) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဇူလိုင် ၂၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်) ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံ၏ ပထမဆုံး Myanmar Business Plan Competition MBPC(2010) ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

မြန်မာနိုင်ငံ၏ ပထမဆုံး Myanmar Business Plan Competition MBPC (2010) ကို Be a Pioneer,Be a Professional ဆောင်ပုဒ်ဖြင့် Myanmar Youth Entrepreneurial Society (MYES) က ဦးဆောင်ပြီး PS Business School၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၃၁ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲဖြစ်မြောက်ရေးအတွက် EUSHIDO @ INSIN & Super Mega တို့က အဓိက ပံ့ပိုးကူညီပေးပြီး PS Business School သည် အေဘီအီး(ယူကေ)မှ မြန်မာနိုင်ငံတွင် ပထမဆုံး ဘွဲ့လွန်ပညာသင်ကြားခွင့်ရရှိသော ကျောင်းတစ်ကျောင်းဖြစ်ကာ စီမံခန့်ခွဲမှုဘာသာရပ်များကို အခြေခံမှ ဘွဲ့လွန်အထိ အထူးပြုသင်ကြားပေးနေသောကျောင်းဖြစ်သည်။

၂၀၀၉ခုနှစ် အောက်တိုဘာလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသော (IMC 09) အပြည်ပြည်ဆိုင်ရာ ဈေးကွက်ဖော်ဆောင်ရေး ဗျူဟာရေးဆွဲယှဉ်ပြိုင်ပွဲတွင် အရှေ့တောင်အာရှမှ တက္ကသိုလ်ပေါင်း ၂၂ခုအနက် မြန်မာနိုင်ငံမှ ပထမဆုံးနှင့် တစ်ခုတည်းဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကျောင်းဖြစ်သည်။ပထမဆုံးအကြိမ်အဖြစ် MBPC 2010 ကို အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်းရှိ စီးပွားရေးပညာရပ်များကို လေ့လာနေသော ကျောင်းသားများ သာမက နယ်ပယ်အသီးသီးရှိကျောင်းသားလူငယ်များအတွက်ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ပြီး တစ်ဖွဲ့လျှင် နှစ်ဦးမှ လေးဦးအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ဝင်ကြေးအနေဖြင့် တစ်သင်းလျှင် ငွေကျပ်တစ်သောင်း သတ်မှတ်ထားပြီး မရွေးချယ်ခံရသောအသင်းများကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည်။ နောင်နှစ်များတွင်လည်း ပြိုင်ပွဲအမျိုးအစားများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

အမှတ်ပေး စည်းမျဉ်းများအနေဖြင့် မဟာဗျူဟာကျကျ တီထွင်ဆန်းသစ်သော ဈေးကွက်ဖော်ဆောင်မှု လုပ်ငန်းသဘောတရားကိုနားလည်မှု၊အသင်းအဖွဲ့အလိုက်

ပူးပေါင်းဆောင်ရွက်နိုင်မှု၊ တင်ပြနိုင်မှုစွမ်းရည်တို့ကို အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်သည်။ ဆုကြေးငွေအဖြစ် ပထမဆုအဖြစ် ငွေကျပ်လေးသိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ်နှစ်သိန်းနှင့် တတိယဆုအဖြစ် ငွေကျပ်တစ်သိန်းတို့ ဖြစ်သည်။

ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်များကို PS Business School မြေနီကုန်းပလာဇာ သရီး(ဒီ)ဖုန်း- ၅၂၄၄၈၂နှင့် ၅၀၀၅၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ရှန်တုံးပြည်နယ် ဝှမ်တုံးမြို့ စီးပွားရေးဇုန်ရှိ Sailun ကားတာယာစက်ရုံ၌ တာယာများ ထုတ်လုပ်နေစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

တောင်သူလယ်သမားများ၏စီးပွားရေး မြင့်မားလာရေးဆောင်ရွက်ပေး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် မျိုးသန့်များထုတ်လုပ် ပြောင်းလဲစိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၃

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဝန်ကြီး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ လယ်ယာကဏ္ဍသည် နိုင်ငံ၏ စားနပ်ရိက္ခာ ပိုလျှံရေးနှင့် စီးပွားရေးတိုးတက်အောင် စွမ်းဆောင်ပေးနေသည့် ကဏ္ဍကြီးဖြစ်သည့်အပြင် အာရှဒေသအတွင်း စားနပ်ရိက္ခာလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည့်လုပ်ငန်းဖြစ်၍ လယ်ယာကဏ္ဍတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ စီးပွားရေးမြင့်မားလာရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် သီးနှံအလိုက် မျိုးသန့်များထုတ်လုပ်၍ မျိုးပြောင်းလဲစိုက်ပျိုးရေး၊ ဒေသနှင့် ကိုက်ညီပြီး စီးပွားရေးတွက်ခြေကိုက်သော သီးနှံများ စိုက်ပျိုးရေး၊ တတ်ကျွမ်းသော စိုက်ပျိုးရေးအတတ်ပညာဖြင့် စိုက်ပျိုးထုတ်လုပ်သူများအား ပေါင်းစပ်ကူညီဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းအဆင့်မန်နေဂျာများက တိုင်းအတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅ ၁၄။ **Mail Box**
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၂၉)
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၄၇)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ **ရယ်ရွှင်စရာဟာသပဒေသာ -မဖြစ်နိုင်ပါဘူးသားရယ် (အပိုင်း-၂) (သူရလင်း၊ မိုးခန့်၊ ရော၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ ရီရီပွင့်ဖြူ၊ အကယ်ဒမီ ခင်မို့မို့အေး၊ ပွင့်၊ အိမ့်ကြာဖြူ၊ နှင်းပွင့်ကေရီ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]**
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၀)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၃

၁၅ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင်အတွဲ (၂)၊ အမှတ် (၆)ကို ဇူလိုင် ၁၅ ရက် (ကြာသပတေးနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည်။

ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၌ နာမည်ကျော်ကြားသူများ၏ ကွာရှင်းပြတ်စဲမှုများအကြောင်း တင်ဆက်ပေးမည့် 40 Most Shockings Hollywood Divorces အစီအစဉ်နှင့် ကမ္ဘာ့နေရာအနှံ့မှ အလှအပများအား ရှာဖွေမည့် Jessica Simpson's The Price of Beauty အစီအစဉ်၊ Lady Gaga ၏ ဂီတဗီဒီယိုအသစ်ဖြစ်သည့် Alejandroကို ကြည့်ရှုရမည့် [V]Plug အစီအစဉ်၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် Star Movies ရုပ်သံလိုင်းတွင်12 Rounds, Notorious, Die Hard2, Picture Perfect စသည့် ဇာတ်ကားများ အပါအဝင် အမျိုးအစားစုံလင်လှသည့် စိတ်ဝင်စားဖွယ်ရုပ်ရှင် ဇာတ်ကားကောင်းများ၊ ကလေးများအကြိုက် Cartoon Network ရုပ်သံလိုင်း၏ အစီအစဉ်များ၊ Star World တွင်ပြသမည့် Australia's Next Top Model အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အကြီးဆုံးသဲကန္တာရ ဖြစ်ပါလာသည့်အကြောင်း တင်ဆက်ပေးမည့် Sahara အစီအစဉ်နှင့် တိရစ္ဆာန်နှင့် လူသားများအကြား သံယောဇဉ်ကို တွေ့မြင်နိုင်မည့် My Life Is A Zoo အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် ဘော်နီယိုကျွန်းဆွယ်မှ စပါးအုံးမြွေကြီးအကြောင်း တင်ဆက်ပေးမည့် Austin Stevens: Most Dangerous အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် ကမ္ဘာပေါ်ရှိ အံ့ဩဖွယ်ကောင်းသည့် သဘာဝအလှတရားများအား တင်ဆင်ပေးမည့် Globe Trckker 12 အစီအစဉ်နှင့် အချက်အပြုတ်ဝါသနာရှင်များအတွက် ရည်ရွယ်တင်ဆက်ပေးသည့် Rocco Gets Reals အစီအစဉ်၊ Discovery ရုပ်သံလိုင်းတွင် အလက်စကာ ငါးဖမ်းသင်္ဘောနစ်မြုပ်ပုံဖြစ်ရပ်မှန်မှတ်တမ်းအား တင်ဆက်ပြသမည့် May Day, Bering Sea အစီအစဉ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း စစ်ပွဲများ၏ လျှို့ဝှက်ချက်များအား တင်ဆက်ပေးမည့် World War II In Colour၊ မြန်မာစကားပြော/ မြန်မာစာတန်းထိုးများဖြင့် ကြည့်ရမည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များအကြောင်း၊ ထူးချွန်သည့် အားကစားသမားများအား အသိအမှတ်ပြု 2010 ESPY ဆုပေးပွဲအား ကြည့်ရမည့် ESPN ရုပ်သံလိုင်းနှင့် Moto GP World Championship 2010 အစီအစဉ်အားပြသမည့် Star Sports ရုပ်သံလိုင်း၊ မြန်မာစာတန်းထိုး/ မြန်မာစကားပြောများဖြင့် ကြည့်ရမည့် Multi Max ရုပ်သံလိုင်းမှ အစီအစဉ်များ၊ 5Movies, 5 Series, 5Series II, 5 Cartoon ရုပ်သံလိုင်းများမှ အစီအစဉ်ကောင်းများ၊ Mandalay FM တွင် နားဆင်ရမည့် ထွန်းထွန်းနှင့် သျှိုတို့၏ 'ရောက်တတ်ရာရာ' အစီအစဉ်၊ MRTV-4မှ အပတ်စဉ်ကြာသပတေးနေ့ နံနက်တိုင်း ထုတ်လွှင့်ပေးမည့် အစီအစဉ်တစ်ခုဖြစ်သည့် Science For All အစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားတွင် ပြသပေးမည့် ဇာတ်လမ်းတွဲအသစ်များအကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ ၁၅ ရက်စာ အစီအစဉ် အချိန်ဇယားများအပြင် မြဝတီရုပ်မြင်သံကြားအစီအစဉ်၏ ၁၅ ရက်စာ အစီအစဉ်အချိန်ဇယားများပါဝင်သည်။

၁၅ ရက်စာ အစီအစဉ်များပါဝင်သော TV Guide စာစောင်ကို ရောင်းဈေးငွေကျပ် ၅၀၀ ဖြင့် Novel Light Express ဖြန့်ချိရေးမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "အချိန်ရှိခိုက်လှူလစိုက်" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၆)**
၈း၃၀ Sports World
၈း၅၅ Industrial Talk [ကိုကို(စက်မှုတက္ကသိုလ်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၉း၂၀ အုတ်မြစ်အခြေခံ ခိုင်ခံ့စေရန်
၉း၄၀ အားကစားမြင်ကွင်းစုံ
၁၀း၃၀ Activities In the City - ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ်ခန့်မှန်းခြေရှိသူ လူသားအား မိတ်ဆက်တင်ပြခြင်း - စိန်နှင့်မြမွေ့ရာပရိဘောဂဆိုင်သစ်ဖွင့်ပွဲ
၁၀း၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အိဖြိုးချယ်ရီ)
၁၁း၁၅ နည်းပညာသစ်ဆန်း MSP အစွမ်း
၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Hawaii Education ၏ Promotional Celebration)
၁၁း၅၅ Say It In English
၁၂း၁၀ ဗီဒီယိုပြခန်း
၁၂း၂၅ အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၂း၄၀ အမျိုးသားရိုးရာတိုင်းရင်းဆေးနည်းပညာ
၁း၀၀ "အချိန်ရှိခိုက်လှူလစိုက်" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း (Selection) (အပိုင်း-၂)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၆)**
၄း၀၅ Activities In the City - ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ်ခန့်မှန်းခြေရှိသူ လူသားအား မိတ်ဆက်တင်ပြခြင်း - စိန်နှင့်မြမွေ့ရာပရိဘောဂဆိုင်သစ်ဖွင့်ပွဲ
၄း၂၅ ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(သရက်)
၄း၅၅ အဆင့်မြင့်ပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အငယ်တန်းကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
၅း၁၅ အုတ်မြစ်အခြေခံ ခိုင်ခံ့စေရန်
၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အိဖြိုးချယ်ရီ)
၆း၄၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Chocolate Heaven)
၇း၀၀ ဗီဒီယိုပြခန်း
၇း၁၅ ရန်ကုန်မြင်ကွင်းကျယ် (Hawaii Education ၏ Promotional Celebration)
၇း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇစ်တာခင်ညို)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (Selection) (အပိုင်း-၂)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၆)**
၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၅ အဆင့်မြင့်ပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အငယ်တန်းကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
၁၀း၃၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Chocolate Heaven)
၁၀း၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇစ်တာခင်ညို)
၁၁း၁၀ Industrial Talk
၁၁း၄၀ ခြင်အန္တရာယ်
၁၁း၄၅ ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(သရက်)
၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂရိနိုင်ငံ လာဗရီယိုဆိပ်ကမ်းမှထွက်ခွာရန်စီစဉ်ထားသော လစ်ဗျားနိုင်ငံ၏ ဂါဇာထောက်ပံ့ရေးသင်္ဘောအာမောလ်ကို ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကူအညီပေးရေးသင်္ဘောနှင့် ကဒါဖီ ၏သား မလိုက်နိုင်ရန် လစ်ဗျားကာကွယ်နေ

လန်ဒန် ဇူလိုင် ၁၃

ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်ရန်ကြိုးပမ်းလျက်ရှိသော အာမောလ်ထောက်ပံ့ရေးသင်္ဘောဖြင့် လစ်ဗျားသမ္မတကဒါဖီ၏ သားဖြစ်သူ ဆာအစ်အယ်လ် အစ္စလန်က ဒါဖီလိုက်ပါမည့်အရေးကို စိုးရိမ်သည့်အတွက် လစ်ဗျားနိုင်ငံမှ ပုဂ္ဂလိက လေယာဉ်များ ပျံသန်းခြင်းကို တားမြစ်ရန် လစ်ဗျားအာဏာပိုင်များက အံ့အားသင့်ဖွယ်ဆုံးဖြတ်ခဲ့ကြောင်း လန်ဒန်အခြေစိုက် သတင်းစာတစ်စောင်က တနင်္ဂနွေနေ့တွင် ဖော်ပြထားသည်။

အာသီသပြင်းပြ

အဆိုပါခရီးစဉ်ကိုစီစဉ်သော အဖွဲ့အစည်း၏ ခေါင်းဆောင်လည်းဖြစ်၊ လစ်ဗျားခေါင်းဆောင်ကြီး မွမ်မာကဒါဖီ၏ သားလည်းဖြစ်သော ဆာအစ်ကဒါဖီသည် ယင်းသင်္ဘောဖြင့်လိုက်ပါရန် အာသီသပြင်းပြလျက်ရှိပြီး လိုက်ပါရန်လည်း ပြင်ဆင်လျက်ရှိသည်။

ထိုသင်္ဘောပေါ်သို့ ဆာအစ်ကဒါဖီ မရောက်နိုင်အောင် ကာကွယ်ရေးအတွက် လစ်ဗျားအာဏာပိုင်များ ကြိုးပမ်းနေကြသည်ဟု လစ်ဗျားတာဝန်ရှိသူတစ်ဦးက လန်ဒန်အခြေစိုက်သတင်းစာသို့ပြောကြားခဲ့သည်။

လစ်ဗျားအာဏာပိုင်များ၏ အဆိုအရ ဆိုက်ပရပ်နှင့် ဂရိသို့ပျံသန်းမည့် ပုဂ္ဂလိကလေယာဉ်များ၊ စင်လုံးငှားလေယာဉ်များကို ပျံသန်းခွင့်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

တရားဝင်အားဖြင့် လစ်ဗျားနိုင်ငံသည် အဆိုပါသင်္ဘောနှင့် မည်သည့်ပတ်သက်မှုမျှမရှိကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာခဲ့လျှင် နိုင်ငံတကာအဆင့်အကျပ်အတည်းတစ်ခု ဖြစ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လစ်ဗျားနိုင်ငံသားများကို မည်သည့်အန္တရာယ်မျှ မကြုံတွေ့စေလိုသဖြင့် ၎င်းတို့အား သင်္ဘောပေါ်သို့ မတက်စေလိုခြင်းဖြစ်ကြောင်း လစ်ဗျားတာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုစာချုပ် ပြင်သစ်နှင့်တူနီးရှားတို့ လက်မှတ်ရေးထိုးချုပ်ဆို

တူနစ် ဇူလိုင် ၁၃

တူနီးရှားနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို သုံးနှစ်ကြာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တစ်ရပ်ကို တနင်္လာနေ့ကလက်မှတ်ရေးထိုးခဲ့ကြကြောင်းတီအေပီသတင်းဌာနက တရားဝင်ကြေညာသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လုပ်မှုအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အစုစပ်စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကဏ္ဍအတွက် စည်းမျဉ်းဥပဒေများရေးဆွဲရန် တူနီးရှားစက်မှုဝန်ကြီးနှင့် ပြင်သစ်စက်မှုဝန်ကြီးတို့ သဘောတူလက်မှတ်ရေးထိုးကြသည်။

တူနီးရှားနှင့် ပြင်သစ်နိုင်ငံတို့သည် ၁၉၉၅ ခုနှစ်ကတည်းကစ၍လွတ်လပ်စွာကုန်သွယ်ရေးလွတ်လပ်မှု သဘောတူစာချုပ်ကို ဥရောပနိုင်ငံများ အဖွဲ့(အီးယူ)နှင့် ချုပ်ဆိုခဲ့သည်။ ယင်းကုန်သွယ်ရေးသဘောတူစာချုပ်အရ ၎င်းတို့နှစ်နိုင်ငံသည် ယူရိုငွေနှစ်ဘီလီယံမှ ခုနစ်ဘီလီယံအထိ ကုန်သွယ်မှုတန်ဖိုး ရှိခဲ့ကြသည်။

ပြင်သစ်နိုင်ငံသည် တူနီးရှားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး အများဆုံးနိုင်ငံလည်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံက ထုတ်ဖော်သတိပေး

မော်စကို ဇူလိုင် ၁၃

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်လုနီးပါး ရှိပြီဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ဤသည်မှာ တီဟီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ရုရှားအစိုးရက ပထမဆုံး ပွင့်လင်းစွာအသိပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

သဘောထားတင်းမာ

အစဉ်အလာအားဖြင့် သံတမန်ရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း တီဟီရန်၏မိတ်ဆွေဖြစ်သော ရုရှားသည် အနောက်အင်အားကြီးနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အီရန်နိုင်ငံအပေါ် ပျော့ပျောင်းသော သဘောထားရှိသည်။ သို့သော် မကြာသေးမီလများအတွင်း၌ ၎င်း၏အနေအထားမှာ အီရန်နိုင်ငံအပေါ် သိသိသာသာ သဘောထားတင်းမာလာခဲ့သည်။

လျစ်လျူရှု

ယူရေနီယံသန့်စင်သော လုပ်ငန်းကိုရပ်ဆိုင်းရန်နိုင်ငံတကာ၏တောင်းဆိုမှုကို လျစ်လျူရှု၍ အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ တိုးတက်အောင်မြင်မှုများကို လွန်ခဲ့သည့်လများအတွင်းက ကြေညာခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

စပိန်နိုင်ငံတောင်ပိုင်း နာဗာရီပြည်နယ် ပန်ပလိုနာမြို့၌ကျင်းပသော ဆန်ဖာမင်နွားရိုင်းပွဲတော် ခုနစ်ရက်မြောက်နေ့၏ စိတ်လှုပ်ရှားဖွယ် မြင်ကွင်းကိုတွေ့ရစဉ်။ *(ယင်းပွဲတော်အတွင်းနွားရိုင်းများ အဝှေ့ခံရခြင်းကြောင့် ဒဏ်ရာရရှိသူ သုံးဦးအထိ ရှိခဲ့ပြီဖြစ်သည်။)* (ဓာတ်ပုံ-အင်တာနက်)

တာလီဘန်အကျဉ်းသား ဒုတိယအသုတ် အာဖဂန်နစ္စတန်အစိုးရ ပြန်လွှတ်ပေး

ကဘူး ဇူလိုင် ၁၃

တာလီဘန်အဖွဲ့ကို ငြိမ်းချမ်းရေးကမ်းလှမ်းသည့်အနေဖြင့် အာဖဂန်အစိုးရသည် တာလီဘန်အဖွဲ့ဝင်ဟု သံသယရှိသူ အကျဉ်းသားဒုတိယအသုတ်ကို ၎င်းတို့၏အမှုများအား ပြန်လည်သုံးသပ်ပြီးနောက် ပြန်လည်လွှတ်ပေးလိုက်ကြောင်း အာဖဂန်နစ္စတန်သမ္မတရုံးက တနင်္လာနေ့တွင်ပြောကြားသည်။

ဇွန်လအတွင်းက ကျင်းပခဲ့သော အာဖဂန်အမျိုးသားငြိမ်းချမ်းရေးဆွေးနွေးပွဲကိုယ်စားလှယ်များ၏ တိုက်တွန်းချက်အရ အမေရိကန်နှင့်အာဖဂန်အကျဉ်းထောင်များရှိ တာလီဘန်အဖွဲ့ဝင်အဖြစ် ဖမ်းဆီးထားသော အကျဉ်းသား၁၄ဦးကိုကနဦး လွှတ်ပေးခဲ့ပြီးနောက် တစ်လအကြာတွင် ၂၈ဦးပါ ဒုတိယအသုတ်ကိုလွှတ်ပေးခဲ့ခြင်းဖြစ်သည်။

အာဖဂန်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ အခြားတာလီဘန်အကျဉ်းသား ၄၅ဦးကိုလည်း ၎င်းတို့၏အမှုများကိုသုံးသပ်ပြီးပါက မကြာမီပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အရက်မူးပြီး မိကျောင်းစီးရန်ကြိုးစားသူ ကံကောင်းထောက်မ၍ အသက်ရှင်ရ

ဆစ်ဒနီ ဇူလိုင် ၁၃

ဩစတြေးလျနိုင်ငံ ဘရွမ်းမြို့ တိရစ္ဆာန်ဥယျာဉ်တစ်ခုရှိ မိကျောင်းလှောင်အိမ်အတွင်းသို့ ကျော်ဝင်ကာ အလျား ငါးမီတာ(၁၆ပေ)ရှိ မိကျောင်းကြီးတစ်ကောင်ကို ခွစီးရန်ကြိုးပမ်းခဲ့သော ယမကာရေချိန်လွန်သူ အမျိုးသားတစ်ယောက် ကံကောင်းထောက်မစွာ သေဘေးမှလွတ်မြောက်ခဲ့ရကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြသည်။

ဖတ်ဆိုအမည်ရှိ မိကျောင်းကြီးသည် ၎င်းကိုခွစီးခဲ့သောအမူးရေချိန်လွန်နေသည့် လူရမ်းကား၏ခြေထောက်ကို ပြန်လည်ကိုက်ခဲ့ရာ အဆိုပါအမူးသမားမှာ ဒဏ်ရာပြင်းထန်စွာရပြီး ဆေးရုံသို့တင်ပို့ခဲ့ရကြောင်း သိရသည်။

ရေချိန်လွန်နေသည့်အမူးသမားသည် မိကျောင်းကန်၏ခြံစည်းရိုးကို ကျော်ဖြတ်ဝင်ရောက်ကာ အလေးချိန်ပေါင် ၁၈၀၀ ရှိသည့် ရေငန်မိကျောင်းကြီးကို ခွစီးရန်ကြိုးပမ်းခဲ့ကြောင်း၊ အေးမြသောရာသီဥတုအရှိန်ဖြင့် မိကျောင်းကြီးဖတ်ဆို၏ လှုပ်ရှားမှုများ နှေးကွေးနေခြင်းကြောင့်သာ ယင်းအမူးသမားသက်သာရာရခဲ့ကြောင်း၊ ရာသီဥတုနွေးထွေးနေချိန်နှင့် မိကျောင်းကြီးနိုးနိုးကြားကြားရှိနေချိန်သာဆိုလျှင် ၁၆ပေမျှအလျားရှိသော မိကျောင်းတစ်ကောင်အတွက် လူတစ်ယောက်ဆိုသည်မှာ တစ်ကိုက်စာမျှသာဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်ပိုင်ရှင် မဲလ်ကွမ်းဒေါက်ဂလပ်စ်က ပြောသည်။

ဩစတြေးလျနိုင်ငံတွင် အလျား ၂၃ ပေမျှထိကြီးထွားလေ့ရှိသော ရေငန်မိကျောင်းများ၏ တိုက်ခိုက်မှုကြောင့် နှစ်စဉ်လူနှစ်ဦး ပျမ်းမျှသေဆုံးလေ့ရှိသည်။ ***အင်တာနက်။***



ဩစတြေးလျနိုင်ငံ ဘရွမ်းမြို့ တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ အလျား ငါးမီတာ(၁၆ပေ)မျှရှိသော ရေငန်မိကျောင်းကြီး ဖတ်ဆိုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှဂေါ်ရခါးတပ်ဖွဲ့ဝင်သုံးယောက်ကို ပစ်သတ်ခဲ့သော အာဖဂန်အစိုးရတပ်မှတပ်ပြေး လွတ်မြောက်နေဆဲဖြစ်

ကန်ဒါဟာ ဇူလိုင် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်၌ ဗြိတိသျှဂေါ်ရခါးတပ်ဖွဲ့ဝင်သုံးဦးကို ပစ်သတ်ခဲ့သော အာဖဂန်အစိုးရတပ်ဖွဲ့ တပ်ပြေးတစ်ဦးသည် ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း နေတိုးတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

ဟဲလ်မန့်ပြည်နယ် လက်ချ်ခါးဂါမြို့၌ ဖြစ်ပွားခဲ့သော အာဖဂန်တပ်ပြေး၏ တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင်အများအပြားလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းဒေသ၌ တာလီဘန်စစ်သွေးကြွများကို တိုက်ခိုက်ရန် ဗြိတိသျှ တပ်ဖွဲ့ဝင် ၉၀၀၀ ခန့် တပ်စွဲထားသည်။ယင်းအဖြစ်အပျက်ကြောင့်တာလီဘန် စစ်သွေးကြွများကို ကျယ်ကျယ်ပြန့်ပြန့် တိုက်ပွဲဝင်နိုင်ရန်အတွက် အာဖဂန်တပ်ဖွဲ့များကို လက်နက်တပ်ဆင်ကာ လေ့ကျင့်မှုများပေးနေသော နိုင်ငံခြားတပ်ဖွဲ့ဝင်များအတွက် အာဖဂန်စစ်မြေပြင်သည် မည်သူကိုမျှ စိတ်ချလက်ချယုံကြည်နိုင်ဖွယ်မရှိသည့် အခြေအနေတစ်ရပ်ဟု ဆိုနိုင်သည်။

အမ်အင်အေ၊ ရိုက်တာ။

ပေါက်ကွဲခြင်းမရှိသေးသော ဗုံးခွံဝတ်စုံ ယူဂန္ဓာ၌ ထပ်မံတွေ့ရှိ

ကမ်ပါလာ ဇူလိုင် ၁၃

ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့တော် ကပွဲခန်းမတစ်ခုအတွင်း ပေါက်ကွဲခြင်းမရှိသေးသော အသေခံဗုံးခွဲဝတ်စုံတစ်စုံကို ထပ်မံတွေ့ရှိခဲ့ရကြောင်း ယူဂန္ဓာတာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းဗုံးခွဲဝတ်စုံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကျင်းပစဉ်ကာလအတွင်း ဖောက်ခွဲရန် ကြံစည်ထားသော တတိယမြောက်တိုက်ခိုက်မှုအစီအမံတစ်ရပ်ဖြစ်ဖွယ်ရှိကြောင်း ယူဂန္ဓာရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ အသေခံဗုံးခွဲဝတ်စုံကို ကမ်ပါလာမြို့ ဆင်ခြေဖုံးဒေသ၌ တနင်္လာနေ့က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးခွဲဝတ်စုံကို တနင်္ဂနွေနေ့၌ပေါက်ကွဲရန်စီမံထားပြီး အသေအပျောက်များပြားစေရန် သံမဏိဘောစေ့များ ထည့်သွင်းပြုလုပ်ထားကြောင်း ယူဂန္ဓာရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၃

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဌာနဆိုင်ရာများ၊ အရာရှိ /စစ်သည်များ နှင့် ရဲမေများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး ပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက သင်ကြားရေး၊ စီမံရေးရာကိစ္စများနှင့် သုတေသန လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြား၍ သိပ္ပံလက်တွေ့ခန်းများ၌ သင်ထောက်ကူ ပစ္စည်းများဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကင်းပညာရေးကောလိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

ထို့နောက် ဝန်ကြီးသည် သဃ်န်းကျွန်းပညာရေးကောလိပ်၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကင်းပညာရေးကောလိပ်တို့သို့ရောက်ရှိပြီး သိပ္ပံလက်တွေ့ခန်းများနှင့် စာသင်ခန်းများအတွင်း သင်ကြားသင်ယူနေမှုများ၊ ရန်ကင်းပညာရေးကောလိပ်၌ အခြေခံပညာကျောင်းများတွင် Hygiene Promotion Kit လုပ်ငန်း ဆွေးနွေးပွဲကျင်းပနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သန်လျင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတို့သို့ ရောက်ရှိပြီး အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သိပ္ပံခန်းများ၊ စာသင်ခန်းများ၊ မာလ်တီမီဒီယာခန်းမများတွင် ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးကာ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား တွေ့ဆုံမေးမြန်း၍လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) နှင့် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များ သိပ္ပံသုတေသနနှင့် ဝိဇ္ဇာခန်းမတို့သို့ သွားရောက်၍ သက်ဆိုင်ရာ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး) များ၊ သုတေသန ပညာရှင်များနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံကာ သင်ကြားရေး၊ နိုင်ငံ့အကျိုးပြု သုတေသနဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ် ဒုတိယပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း အမှတ်(၁)၌ကျင်းပရာ ပြိုင်ပွဲဝင် ဝန်ကြီးဌာန အသင်းနှစ်သင်းတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ပွဲစဉ်အဖြစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သမဝါယမဝန်ကြီးဌာနအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၁၄ ရက်မှ စ၍ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို သုံးနေရာခွဲ၍ ကျင်းပသွားမည်ဖြစ်ရာ နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ရှေ့နေချုပ်ရုံးအသင်း၊ နေပြည်တော်ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးဘောလုံးအားကစားပြိုင်ကွင်း၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်း၊ အောင်သီဟလမ်း၊ အောင်စိုးမိုးလမ်း၊ ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာ ရေမြောင်းတူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ နေပြည်တော်တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးဇော်အောင် တာဝန်ယူဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ခန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (၅၆၄)

မင်းလှဈေး မီးဘေးကာကွယ်

ဇူလိုင် ၃ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ဖြစ်သော အမှုဆောင်အရာရှိ ဦးအောင်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်းနှင့် မြို့နယ်အရန်မီးသတ်တာဝန်ခံ ဦးခင်မောင်ဆွေတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

စာအုပ်တိုက်ပေါင်းများစွာ စုပေါင်း၍ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

စာအုပ်တိုက်များစုပေါင်း၍ မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်၊ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ် (၁၃၃)၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

စာကြည့်တိုက်များအတွက် လှူချင်လို့ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ဖတ်ချင်လို့ပဲဖြစ်ဖြစ်၊ တစ်ပါးသူကို လက်ဆောင်ပေးချင်လို့ပဲဖြစ်ဖြစ်၊ ဝယ်ယူစုဆောင်းထားချင်လို့ပဲဖြစ်ဖြစ် အားလုံးအတွက်အကျိုးရှိမည့် အထူးအခွင့်အရေးကြီး တစ်ရပ်ဖြစ်ကြောင်း စာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည့်သူများက ဆိုသည်။

စာရေးဆရာပေါင်းများစွာတို့၏ စာအုပ်အမျိုးအစားပေါင်း ၁၀၀ကျော်ကို တစ်ကြိမ်တစ်ခါမျှမရဖူးသေးသော အထူးသက်သာသည့်နှုန်းထားဖြင့် မူလတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် မိမိနှစ်သက်ရာစာအုပ်များကို တစ်နေရာတည်းတွင် ရွေးချယ်ဝယ်ယူနိုင်ကြမည်ဖြစ်ကြောင်း၊ သီဟရတနာ၊ စိတ်ကူးချိုချို၊ ရတနာပုံ၊ Unity၊ Quality၊ မုံရွေး၊ သူရိယ၊ ထက်ထက်အောင်၊ မြချူး၊ ဇွန်ပွင့်၊ ပုဂံ၊ ကံ့ကော်ဝတ်ရည်၊ မျိုးဆက်သစ်၊ နေရီရီ၊ ပြုံး၊ ရန်အောင်နှင့် ရန်အောင်(၂) စသည့် စာအုပ်တိုက်များ စုပေါင်း၍ ဈေးရောင်းပွဲတော် ကျင်းပခြင်းဖြစ်ကြောင်း စာပေဝါသနာပါသူတိုင်း လက်မလွှတ်သင့်သည့် အထူးအခွင့်အရေးကြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၀၅ ၇။ "စပါးကရွှေ ငါးကငွေ"
၈း၁၅ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ "ဝန်းကျင်တစ်ခွင် ကောင်းကျိုးပေး တီစွန့်ပစ်မြေဆွေး"(အပိုင်း-၁)
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၆။ အကပြိုင်ပွဲ
၅း၀၅ ၇။ သီချင်းကြီးပဒေသာ
၅း၁၅ ၈။ "သဘာဝဝန်းကျင် ထိန်းလိုလျှင် သုံးစွဲစေလို စွန့်ပစ်အမှိုက်သုံးမိးဖို"
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၅း၄၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၀ ၁၄။ "မွန်ပြည်နယ်တစ်ဝှမ်း ရွှေဖြူလွှမ်း"
၆း၄၅ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၄၅ ၁၇။ အလက်ဇန်းကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ် (အပိုင်း-၄)
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံတော်အတွက် ထာဝရအလှများ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၅၉)**
၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "နှောင်ကြိုးဖွဲ့ဒဏ္ဍာရီ" (ခန့်စည်သူ၊ရဲအောင်၊ နန္ဒာလှိုင်" (ဒါရိုက်တာ-အောင်ဩဘာ)**
၂၄။ အစီအစဉ်ပြီး၏။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ခြင်း လုပ်ငန်းအား ဇူလိုင် ၉ ရက်က ဆောင်ရွက်ရာ ဈေးများ လုံခြုံရေးအဖွဲ့ခေါင်းဆောင် အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မီးသတ်ဦးစီးမှူးတို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်တုံးပြည်နယ် ချင်းတောင်မြို့တော်ဝန် မစ္စတာရှုကန်း Intercontinental Qingdao Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ချင်းတောင်မြို့တော်ဝန် တွေ့ဆုံဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်တုံးပြည်နယ် ချင်းတောင်မြို့တော်ဝန် မစ္စတာရှုကန်းသည် ဇူလိုင် ၈ ရက် ညနေ ၆ နာရီတွင် Intercontinental Qingdao Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့အတူ ချင်းတောင်မြို့တော်ဝန် မစ္စတာရှုကန်းနှင့်အတူ ဒုတိယမြို့တော်ဝန် Ms. Zhang Hai နှင့် ချင်းတောင်မြို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အားကစားကဏ္ဍများအပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အတွင်းရေးမှူး(၁)နှင့် ချင်းတောင်မြို့တော်ဝန်တို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ (သတင်းစဉ်)

❖ရှေ့ဖုံးမှ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ Commercial Aircraft Corporation of China Ltd. သို့ရောက်ရှိကြရာ ကုမ္ပဏီဒုတိယဥက္ကဋ္ဌ မစ္စတာရှီကျန်ကျုံး (Mr. Shi Jianzhong)နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)အား ဒုတိယအင်ဂျင်နီယာချုပ် မစ္စတာကျောက်ခေးလျန်က ကုမ္ပဏီမှ ထုတ်လုပ်သည့် ARJ 21-700 လေယာဉ်၏ အရည်အသွေးစစ်ဆေးသည့်ဌာန၊ စမ်းသပ်ပျံသန်းမောင်းနှင်မှု ကိရိယာ (Simulator)နှင့် ယင်းကုမ္ပဏီမှ ယခင်ထုတ်လုပ်ခဲ့သည့် Y-10 လေယာဉ်နှင့် နောက်ဆုံးထုတ်လုပ်ပြီးဖြစ်သည့် ARJ 21-700 လေယာဉ်သစ်တို့ကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ကုမ္ပဏီဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရှန်ဟိုင်းမြို့ ရေနက်ဆိပ်ကမ်းဖြစ်သည့် Yangshan Deepwater Seaport သို့ ရောက်ရှိကြရာ အမှုဆောင်အရာရှိချုပ် မစ္စတာကျိုးရဖျင်က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား မစ္စတာကျိုးရဖျင်က Yangshan Deepwater Seaport ၏ နောက်ခံသမိုင်း၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ ရှန်ဟိုင်းမြူနီစီပယ်အစိုးရနှင့် China Communication Construction Group တို့ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော် တိုးချဲ့ဆောက်လုပ်လျက်ရှိသော ရေနက်ဆိပ်ကမ်း၏ ရှေ့အလားအလာများကို ပုံစံငယ်များဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့သည် ရေနက်ဆိပ်ကမ်းရုံး အဆောက်အအုံ၏ အထပ် ၁၁ မှနေ၍ ဆိပ်ကမ်းကုန်တင် ကုန်ချ ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ထွက်ခွာကြကာ မွန်းလွဲ ၂ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Hong Qiao State Guest Hotelသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရှန်ဟိုင်းမြို့ရှိ Commercial Aircraft Corporation of China Ltd.ကုမ္ပဏီမှထုတ်လုပ်သည့် ARJ 21-700 လေယာဉ်တစ်စင်းကိုတွေ့ရစဉ်။

(သတင်းစဉ်)

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၃

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါတွင်းကာလ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ကြံခင်းမြို့နယ်သူ၊ မြို့နယ်သားများ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊အတွင်းရေးမှူး ဦးစိန်ငွေး ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက် လာရောက်တွေ့ဆုံဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား လျောင်နင်ပြည်နယ် တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက်သည် ဇူလိုင် ၇ ရက် ညနေ ၃ နာရီတွင် တာ့လျန်ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ အားကစားကဏ္ဍနှင့် ရထားပို့ဆောင်ရေးကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား လျောင်နင်ပြည်နယ် တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက် တာ့လျန်ဟိုတယ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် လာရောက်တွေ့ဆုံဂါရဝပြု

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် မစ္စတာထန်တန်းကျယ် (Mr. Tang Dengjie) သည် ဇူလိုင် ၉ ရက် ညနေ ၆ နာရီခွဲတွင် Hong Qiao State Guest Hotel ရှိ အမှတ်(၂) ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံဂါရဝပြုသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးမြင့်၊ ဦးမောင်မြင့်နှင့် ဦးလှသိန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှန်ဟိုင်း ဒုတိယမြို့တော်ဝန်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပို့ဆောင်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် မဟာဓာတ်အားလိုင်းများ သွယ်တန်းရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအား ရှန်ဟိုင်း ဒုတိယမြို့တော်ဝန် မစ္စတာထန်တန်းကျယ် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

◆ **ကျောဖုံးမှ**

တာ့လျန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာခဲ့ရာ ခေတ္တတည်းခိုမည့် တာ့လျန်ဟိုတယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် တာ့လျန်ဟိုတယ်ခန်းမ၌ တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟန့်ချန်က တာ့လျန်မြို့၏ သမိုင်းကြောင်းနှင့် ဒေသဆိုင်ရာအချက်အလက်များ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တာ့လျန်မီးရထားစက်ခေါင်း ထုတ်လုပ်ရေးစက်ရုံသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ မီးရထားထုတ်လုပ်ရေးကုမ္ပဏီ အမှုဆောင်အရာရှိချုပ် မစ္စတာ ဆွင်းရှီယွင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မီးရထားစက်ခေါင်း ထုတ်လုပ်မှုအခြေအနေနှင့် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အမှုဆောင်အရာရှိချုပ်က စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် ဒီဇယ်အင်ဂျင်နှင့် လျှပ်စစ်အင်ဂျင်စက်ခေါင်းများ ထုတ်လုပ်နေမှုနှင့် မြေအောက်ရထားတွဲ ဆောက်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မီးရထားစက်ခေါင်းထုတ်လုပ်ရေးစက်ရုံမှ ပြန်လည်ထွက်ခွာကြပြီး တာ့လျန်မြို့ Xinghai Square သို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြကာ မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် တာ့လျန်ဟိုတယ်သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ညနေ ၃ နာရီတွင် တာ့လျန်ဟိုတယ်ဧည့်ခန်းမဆောင်၌ တာ့လျန်မြို့တော်ဝန် မစ္စတာလီဝမ်ဆိုက်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် တာ့လျန်မြို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးကြပြီး ညနေ ၃ နာရီ မိနစ် ၅၀ တွင် တာ့လျန်မြို့ Pole Aquarium Museum သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်အတွင်း ရေသတ္တဝါမျိုးစုံပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် လင်းပိုင်ငါးများ၏ စွမ်းရည်ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ရှန်တုံးပြည်နယ် ချင်းတောင်မြို့သို့ ဆက်လက်ထွက်ခွာရန် ညနေ ၅ နာရီတွင် တာ့လျန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟန့်ချန်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် ရှန်တုံးပြည်နယ် ချင်းတောင်မြို့သို့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆွေ့ဝေ့တုံးနှင့် တာဝန်ရှိသူများက ချင်းတောင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လေဆိပ်မှ ထွက်ခွာလာကြရာ ခေတ္တတည်းခိုမည့် ချင်းတောင်မြို့ Inter-continental Qingdao Hotel သို့ ရောက်ရှိရပ်နားကြသည်။

အတွင်းရေးမှူး(၁) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို၊ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၈ ရက် နံနက် ၉ နာရီတွင် ခေတ္တတည်းခိုသည့် Inter-continental Qingdao ဟိုတယ်မှ ထွက်ခွာလာရာ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရှန်တုံးပြည်နယ် ဝှမ်တုံးမြို့ စီးပွားရေးဇုန်ရှိ Sailun ကားတာယာစက်ရုံသို့ ရောက်ရှိကြပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co., Ltd. ဥက္ကဋ္ဌ မစ္စတာ ယွမ်ကျုံးရွှယ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co., Ltd. ဥက္ကဋ္ဌ မစ္စတာ ယွမ်ကျုံးရွှယ်က Sailun ကားတာယာစက်ရုံ၏ ကားတာယာအမျိုးမျိုး

တာ့လျန်မြို့ Pole Aquarium Museum ၌ ပြသထားသော ပိုလာဝက်ဝံများကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ Sailun ကားတာယာစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တာ့လျန်မီးရထားစက်ခေါင်းစက်ရုံ၌ ဆောက်လုပ်ထားသည့် မြေအောက်ရထားတွဲကို တွေ့ရစဉ်။ (သတင်းစဉ်)

တာ့လျန်မြို့ Pole Aquarium Museum ၌ ရေသတ္တဝါမျိုးစုံကို ပြသထားစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တာ့လျန်မီးရထားစက်ခေါင်းထုတ်လုပ်ရေးစက်ရုံ၌ မြေအောက်ရထားတွဲ ဆောက်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး တာ့လျန်မြို့ Pole Aquarium Museum ၌ ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ တာ့လျန် မီးရထားစက်ခေါင်း ထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

...arium Museum ၌ ပြသထားသော ပိုလာ
(သတင်းစဉ်)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့အား MESNAC Co., Ltd. ဥက္ကဋ္ဌ မစ္စတာ ယွမ်ကျုံးရွှယ်က Sailun ကားတာယာစက်ရုံ၏ ကားတာယာအမျိုးမျိုး ထုတ်လုပ်မှု၊ အရည်အသွေးစစ်ဆေးမှု၊ တာယာဟောင်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြု၍ တာယာအသစ် ထုတ်လုပ်မှုတို့ကို ရှင်းလင်းပြသပြီး အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့သည် MESNAC Co., Ltd. ဥက္ကဋ္ဌ မစ္စတာ ယွမ်ကျုံးရွှယ် လိုက်ပါလျက် Sailun မော်တော်ကားစက်ရုံမှ ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီတွင် MESNAC Co., Ltd. သို့ ရောက်ရှိကြသည်။

MESNAC Co., Ltd. တွင် အဆိုပါကုမ္ပဏီနှင့် သုတေသနလုပ်ငန်းများ တွဲဖက်ဆောင်ရွက်နေသည့် ချင်းတောင်မြို့ သိပ္ပံနှင့် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် မစ္စတာ မာလျန်ရှန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး သုတေသနအဆောင်အတွင်း MESNAC Co., Ltd. နှင့် ချင်းတောင်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့ တွဲဖက်ဆောင်ရွက်နေသည့် ရော်ဘာသုတေသနလုပ်ငန်းအခြေအနေနှင့် မော်တော်ကားတာယာများအား အလိုအလျောက် အရည်အသွေးစစ်ဆေးနိုင်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)အား ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများက ကုမ္ပဏီ၏ သမိုင်း၊ ချင်းတောင်သိပ္ပံနှင့် နည်းပညာတက္ကသိုလ်နှင့် တွဲဖက်ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်း၊ မြန်မာနိုင်ငံတွင် တည်ဆောက်မည့် မော်တော်ကားတာယာစက်ရုံနှင့် ၎င်းစက်ရုံဝန်ထမ်းများအား လေ့ကျင့်ပို့ချပေးမည့် သင်တန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ အတွင်းရေးမှူး(၁)က ရော်ဘာနှင့် ပတ်သက်သည့် မြန်မာနိုင်ငံမှ သင်တန်းသားများအား မဟာဘွဲ့၊ ပါရဂူဘွဲ့များ သင်ကြားပေးနိုင်ရေး၊ မြန်မာနိုင်ငံနှင့် စာချုပ် ချုပ်ဆိုခဲ့မှု၊ မော်တော်ကားတာယာ စက်ရုံတည်ထောင်ပြီးနောက် စက်ရုံလည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံဘက်မှ လူစွမ်းအားအရင်းအမြစ် လေ့ကျင့်သင်ကြားပေးရေးနှင့် နောက်ဆုံးပေါ် နည်းပညာများ လွှဲပြောင်းနိုင်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ချင်းတောင်မြို့၌ ၂၀၀၈ ခုနှစ် အိုလံပစ် လှေလှော်ပြိုင်ပွဲ ကျင်းပခဲ့သည့် Olympic Sailing Center သို့ ရောက်ရှိလေ့လာခဲ့ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့သို့ ဆက်လက်ထွက်ခွာရန် ည ၈ နာရီ မိနစ် ၂၀ တွင် ချင်းတောင်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ချင်းတောင်မြို့ နိုင်ငံခြားရေးရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာဆွေ့ဝေ့တုံးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာခဲ့ရာ ည ၁၀ နာရီ ၃ မိနစ်တွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကြသည်။



တာ့လျန်မြို့ Pole Aquarium Museum ရှိ လင်းပိုင်ငါးများ၏ စွမ်းရည်ပြကွက်ကို တွေ့ရစဉ်။
(သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှန်ဟိုင်းမြို့ မြူနီစီပယ်အစိုးရ ဒုတိယကော်မရှင်နာ မစ္စတာ ရှန်းကျန့်ကော်နှင့် တာဝန်ရှိသူများက ရှန်ဟိုင်းမြို့ ဟုန်ချောင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ည ၁၀ နာရီ မိနစ် ၅၀ တွင် ခေတ္တတည်းခိုမည့် Hong Qiao State Guest Hotel သို့ ရောက်ရှိရပ်နားခဲ့ကြသည်။
(သတင်းစဉ်)

တာ့လျန်မြို့ Pole Aquarium Museum ၌ ရေသတ္တဝါမျိုးစုံကို ပြသထားစဉ်။
(သတင်းစဉ်)

ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်နှင့် သစ်တောသယံဇာတများ ထိန်းသိမ်းရေး

ဒေါက်တာညီညီကျော် (သစ်တောသုတေသန)

ကမ္ဘာကြီးမှာ အပူချိန်တွေဟာ သိသိသာသာ မြင့်တက်လာနေပါတယ်။ လွန်ခဲ့တဲ့ရာစုနှစ်တွေနဲ့ နှိုင်းယှဉ်ရင် ၂၀ရာစုနှစ်ဟာ အပူနွေးဆုံးရာစုနှစ်ဖြစ်ခဲ့ပါတယ်။ ၁၉၉၀ခုနှစ်ကစပြီး အပူဆုံး၁၀စုနှစ်ဖြစ်တယ်ဆိုတာ မှတ်တမ်းတင်ထားတာကို တွေ့ရှိရပါတယ်။ ၂၀၁၀ခုနှစ်မှာတော့ မြန်မာနိုင်ငံရဲ့ မြို့တော်တော်များများမှာ အပူချိန်အမြင့်ဆုံးစံချိန်သစ်တွေတင်တဲ့အထိ ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ရဲ့ မေလလယ်ရက်တွေဟာ အလွန်ပူပြင်းလွန်းလို့ မိုးကိုမျှော်ခဲ့ကြပါတယ်။ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်းတွေ တိမ်ကောခန်းခြောက်ခဲ့လို့ သောက်သုံးရေရှားပါးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ် အထင်ကရတစ်ခုဖြစ်တဲ့ အင်းလေးကန်ကြီးဟာလည်း ရေပမာဏလျော့နည်းလာခဲ့ပြီး အချို့နေရာတွေမှာ စက်လှေများသွားမရအောင် တိမ်ကောလာခဲ့ပါတယ်။ ယခင်နှစ်တွေကို ပြန်ကြည့်ရင် မိုးရွာသွန်းမှု ပုံစံပြောင်းလဲလာခြင်းနဲ့ အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း၊ ရေခဲတောင်များ အရည်ပျော်လာခြင်း၊ အာတိတ်ရေခဲပင်လယ်များ ပါးလွှာလာခြင်းစတဲ့ ရာသီဥတုပြင်းထန်မှုနဲ့ ဖောက်လွဲဖောက်ပြန်မှုတွေ ပိုများလာပါတယ်။

ဒါတွေအားလုံးဟာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ အကြောင်းအရာတွေပါပဲ။ မှန်လုံအိမ်ဓာတ်ငွေ့ဖြစ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့အမြောက်အမြား စုပ်ယူထားနိုင်တဲ့ သစ်တောကြီးတွေ ပျက်စီးပြုန်းတီးသွားတဲ့အတွက် ရာသီဥတုတွေပြောင်းလဲလာပြီး သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်လာစေတာဖြစ်ခဲ့ပါတယ်။ သဘာဝသယံဇာတ အရင်းအမြစ်တွေကို ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမယ့်အစား တစ်နည်းဆိုရရင် ရေရှည်အကျိုးကိုမကြည့်ဘဲ အလွန်အကျွံထုတ်ယူ သုံးစွဲနေတာတွေကြောင့်ပဲဖြစ်ပါတယ်။ လူတွေဟာ ဒီလိုသာ သဘာဝသယံဇာတတွေကို ဆက်လက်ပြီး အလွန်အကျွံသုံးစွဲနေဦးမယ်ဆိုရင် နောက်ထပ် ဒီလိုဘေးအန္တရာယ်တွေ ကြုံတွေ့လာနိုင်မှာ အမှန်ပါပဲ။ ဒီတော့ ကမ္ဘာကြီးအတွင်းမှာ နေထိုင်တဲ့ လူသားတိုင်း သဘာဝပတ်ဝန်းကျင်စောင့်ရှောက်ထိန်းသိမ်းမှုတွေကို ရှုထောင့်မျိုးစုံကနေပြီး အသိနဲ့သတိတရားလက်ကိုင်ထားပြီး ဆောင်ရွက်လုပ်ကိုင်သွားဖို့ အချိန်တန်ပြီဖြစ်ပါတယ်။

သစ်တောသစ်ပင်တွေဟာ ရာသီဥတုမျှတအောင် ပြုလုပ်ပေးရာမှာ အဓိကကျတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ အလင်းဖွဲ့ အစာချက်ခြင်းအားဖြင့် ကာဗွန်ကို လေထုထဲမှဖယ်ရှားပြီး အပင်ရဲ့ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်နှင့်အမြစ်ကဲ့သို့သော ဇီဝဒြပ်ထုထဲမှာ သိုလှောင်ထားပါတယ်။ မြေကြီးထဲမှာလည်း အော်ဂဲနစ်ကာဗွန်အဖြစ် သိုလှောင်ထားပါတယ်။ အဲဒီဖြစ်စဉ်ဟာ စဉ်ဆက်မပြတ်ဖြစ်နေပြီး အမြဲလည်ပတ်နေပါတယ်။ အသက်ငယ်တဲ့ သစ်ပင်တွေဟာ ကြီးထွားရှင်သန်ဖို့ ကာဗွန်ကိုလျင်မြန်စွာ စုပ်ယူကြပါတယ်။ အသက်ကြီးရင့်သောသစ်ပင်များကတော့ သူတို့လိုအပ်သလောက်သာ ကာဗွန်ကို စုပ်ယူကြပြီး ကာဗွန်မျှခြေဟာ အစပိုင်းကထက် တဖြည်းဖြည်း လျော့နည်းလာပါတယ်။ အဲဒီအခြေအနေရောက်လာခဲ့ရင် သစ်တောတွေဟာ ကာဗွန်ကို နောက်ထပ်မစုပ်ယူတော့ဘဲ ကာဗွန်အများအပြား သိုလှောင်ထားတဲ့ ကာဗွန်သိုလှောင်ကန်တစ်ခုအနေဖြင့် ဆောင်ရွက်ပါတယ်။ အဲဒီသစ်တောများကို မီးရှို့ဖျက်ဆီးပစ်လိုက်ရင်တော့ လေထုထဲကို ကာဗွန်ပြန်ထုတ်လွှတ်တဲ့အတွက် တစ်ဖန် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ပေးရာ အရင်းအမြစ်တစ်ခု ဖြစ်လာပါတော့တယ်။ ဒါပေမယ့် အပင်များ ပြန်လည်စိုက်ပျိုးတဲ့အခါ ကာဗွန်စက်ဝန်းတစ်ဖန်ပြန်လည်စတင်လာပါတယ်။

သစ်တောဂေဟစနစ်တွေထဲမှာ သိုလှောင်ထားသော ကာဗွန်ပမာဏဟာ ကာဗွန်ဒိုင်အောက်ဆိုဒ် ဂီဂါတန် ၄၅၀၀နှင့် ညီမျှပါတယ်။ အဲဒီပမာဏဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လောင်စာအရင်းအမြစ်စုစုပေါင်း ကာဗွန်နဲ့ လေထုထဲမှာရှိတဲ့ ကာဗွန်ပမာဏတို့ထက် ပိုများပါတယ်။ ဒါဆိုရင် သစ်တောတွေဟာ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်လာတဲ့ ပြဿနာများကို ဖြေရှင်းရာမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်နေတယ်ဆိုတာ အံ့ဩစရာတစ်ခုတော့ မဟုတ်ပါဘူး။

တစ်ကမ္ဘာလုံးမှာ သစ်တောဖုံးလွှမ်းမှုဟာ စုစုပေါင်းဧရိယာရဲ့ သုံးပုံတစ်ပုံနီးပါးရှိပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀၀၀လောက်က ကမ္ဘာမြေဧရိယာရဲ့ ၅၀ရာခိုင်နှုန်းဟာ သစ်တောတွေနဲ့ဖုံးလွှမ်းနေပြီး ယခုအခါ ၃၀ရာခိုင်နှုန်းအောက်ထိ လျော့နည်းသွားပြီဖြစ်ပါတယ်။ ၁၈၅၀ခုနှစ်ကာလလွန်နှစ်တွေကစပြီး သစ်တောများပျက်စီးပြုန်းတီးခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဂီဂါတန် ၁၂၀ဟာ လေထုထဲသို့ ထုတ်လွှတ်ပြီးဖြစ်ပါတယ်။ စာရင်းအင်းအချက်အလက်များအရ တစ်ကမ္ဘာလုံးရဲ့ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ ငါးပုံတစ်ပုံဟာ သစ်တောပျက်စီးမှုမှဖြစ်ပါတယ်။ အဲဒီပမာဏဟာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှထုတ်လွှတ်သောပမာဏထက် ပိုမိုများပြားပါတယ်။

သစ်တောပျက်စီးမှုတို့ဟာလည်း ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၅ခုနှစ်အတွင်းမှာ သစ်တောတွေဟာ တစ်နှစ်ကို ဧက ၃၂သန်းအထိ ဆုံးရှုံးခဲ့ပါတယ်။ အပူပိုင်းဒေသဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ သစ်တောပျက်စီးဆုံးရှုံးမှုကို အများဆုံးကြုံတွေ့နေရပါတယ်။ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အတွင်းမှာ တောင်အမေရိကတိုက်မှာ နှစ်စဉ်ဧက ၁၀ ဒသမ ၆သန်း ဆုံးရှုံးခဲ့ပြီး အာဖရိကနိုင်ငံတွေမှာ ဧက ၉ဒသမ၈သန်း ဆုံးရှုံးခဲ့ပါတယ်။ သစ်တောများ ပျက်စီးပြုန်းတီးရခြင်းရဲ့ အဓိကအကြောင်းအရင်းကတော့ လူဦးရေတိုးတက်မှုကြောင့် စားနပ်ရိက္ခာအတွက် လယ်ယာစိုက်ပျိုးမြေအဖြစ် သို့ ပြောင်းလဲခြင်းဖြစ်ပါတယ်။ အဲဒီအကြောင်းရင်းအပြင် တရားမဝင်သစ်ထုတ်ခြင်း၊ ခုတ်လှဲထုတ်ယူနည်းစနစ်မမှန်မကန်ခြင်း၊ အလွန်အကျွံစားကျက်ချခြင်းနှင့် တောမီးများလောင်ကျွမ်းခြင်းတို့ကြောင့် သစ်တောများ အရည်အသွေးနဲ့ အဆင့်အတန်းလျော့ကျမှုများ ဖြစ်ပေါ်နေရပါတယ်။

ဥရောပနှင့် မြောက်အမေရိကရှိ ဧရိယာအတော်များများကို လွန်ခဲ့သော ရာစုနှစ်က အပြောင်ခုတ်လှဲထုတ်လုပ်ပြီး သစ်တောစိုက်ခင်းတွေ ပြန်စိုက်ခဲ့ကြလို့ ယခုအခါ အဲဒီနေရာတွေမှာ သစ်တောဖုံးလွှမ်းမှုဧရိယာများ တိုးပွားလာကြောင်း တွေ့ရှိရပါတယ်။ ၁၉၉၀ပြည့်နှစ်မှာ အာရှဒေသရှိ အသားတင်သစ်တော ဆုံးရှုံးမှုမှာ တစ်နှစ်လျှင် ဧကနှစ်သန်းခန့်ရှိခဲ့ပေမယ့် တရုတ်နိုင်ငံမှ သစ်တောများတည်ထောင်ခြင်းကြောင့် ၂၀၀၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အတွင်းမှာ အသားတင် သစ်တောများတိုးပွားလာမှုမှာ တစ်နှစ်လျှင် ဧက ၂၂သန်းအထိ ရှိလာပါတယ်။ သစ်တောများကိုထိန်းသိမ်းပြီး ထာဝစဉ်တည်တံ့စေတဲ့ နည်းစနစ်တွေနဲ့ စီမံအုပ်ချုပ်တဲ့ နိုင်ငံတွေမှာလည်း သစ်တောဧရိယာ တိုးပွားလာနေတာကို တွေ့ရပါတယ်။ အဲဒီလို စီမံအုပ်ချုပ်မှုဟာ ရာသီဥတုကို သမမျှတစေတဲ့အပြင် ရေကြီးခြင်း၊ မြေတိုက်စားခြင်းတို့ကို ကာကွယ်ပေးပြီး သစ်နှင့် သစ်တောထွက် ပစ္စည်းများကိုလည်း ထောက်ပံ့ပေးပါတယ်။

သစ်တောများဟာ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ မျိုးစိတ်သုံးမျိုးမှာ နှစ်မျိုးဟာ သစ်တောဂေဟစနစ်တွေမှာ တည်ရှိပါတယ်။ ဒါ့အပြင် လူသားတို့အတွက် စားဝတ်နေရေးကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးဖို့အတွက်လည်း အလွန်အရေးပါပါတယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူဦးရေ သန်း ၄၅၀ဟာ သစ်တောအပေါ် မှီခိုနေကြပါတယ်။ သစ်တောများ ပြုန်းတီးဆုံးရှုံးခြင်းဟာ လူတိုင်းအပေါ် ဆိုးကျိုးသက်ရောက်စေနိုင်ပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများဟာ အဲဒီဆိုးကျိုးကို ပိုမိုခံစားရနိုင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ သစ်တောစီမံအုပ်ချုပ်ခြင်းနဲ့အတူ ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချဖို့အတွက် ကျန်ရှိနေတဲ့သဘာဝသစ်တောများကို ထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်းအားဖြင့် သစ်တောတွေထဲမှာ လက်ရှိ သိုလှောင်ထားသောကာဗွန်များကို ကာကွယ်ထိန်းသိမ်းထားနိုင်ပါတယ်။ သစ်တောပျက်စီးပြုန်းတီးရခြင်းရဲ့ အဓိကအကြောင်းရင်းတွေကို ကိုင်တွယ်ဖြေရှင်းပေးနိုင်လျှင် သစ်တောဧရိယာများ လျော့ပါးခြင်းကိုလည်း သက်သာစေနိုင်ပါတယ်။ သစ်ပင်ဖြည့်စွက်စိုက်ပျိုးခြင်းနဲ့ သစ်တောပြန်လည် ထူထောင်ခြင်းအားဖြင့် ကမ္ဘာကြီးရဲ့သစ်တောဖုံးလွှမ်းမှုကို ပြန်လည်တိုးမြှင့်နိုင်ပါတယ်။

စက်ရုံ၊ အလုပ်ရုံတွေနဲ့ သယ်ယူပို့ဆောင်ရေးကြောင့် ကာဗွန်ထုတ်လွှတ်မှုတွေကို စနစ်တကျတွက်ချက်ပြီး စီမံချက်တွေချမှတ်ကာ သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်လျှင် ကာဗွန်ရောင်းဝယ်မှုတွေဟာ တကယ့်ကို အကျိုးအမြတ်ရမယ့် ကိစ္စတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ စံချိန်စံညွှန်းတစ်ခု တွက်ချက်ချမှတ်ဆောင်ရွက်ဖို့ လိုအပ်နေပါပြီ။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ နေ့စဉ် အသက်ရှင်နေထိုင်ဖို့အတွက် သစ်သုံးစွဲမှုပဲ ဖြစ်ပါတယ်။ သစ်သားဟာ ဇီဝစွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာများရဲ့နေရာမှာ အစားထိုးနိုင်ပြီး မှန်လုံအိမ်ဓာတ်ငွေ့လွှတ်မှုကို ကာကွယ်ပေးနိုင်ပါတယ်။ ဒါပေမယ့် သစ်သားတွေဟာ မီးလောင်ကျွမ်းမယ်ဆိုရင်တော့ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်နိုင်ပါတယ်။ အပင်သစ်များ ပြန်လည်စိုက်ပျိုးမယ်ဆိုရင် အဲဒီအပင်တွေဟာ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ဖမ်းယူပြီး ဓာတ်ငွေ့ထုတ်လုပ်ခဲ့မှုကို ဖြေဖျောက်ပေးပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ထင်း၊ မီးသွေးလောင်စာတွေဟာ လူဦးရေ သန်းနှစ်ထောင်လောက်အတွက် အရေးကြီးဆုံးသော စွမ်းအင်အရင်းအမြစ် တစ်ခုဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာအစား ဇီဝလောင်စာကို ပြောင်းလဲအသုံးပြုမယ်ဆိုရင် ယနေ့မှ ၂၀၃၀ခုနှစ်အတွင်း ဇီဝဒြပ်ထုအသုံးပြုခြင်းဟာ သုံးဆတိုးလာမယ်လို့ ခန့်မှန်းရပါတယ်။

လောလောဆယ်မှာ လောင်စာဆီနှင့် ကျောက်မီးသွေးကဲ့သို့သော လောင်စာစွမ်းအင်များကို မှီခိုနေတဲ့ နေရာတွေမှာ အသေးစား ဇီဝလောင်စာစွမ်းအင်စနစ် အသုံးပြုတဲ့ စက်ကိရိယာများ တီထွင်အသုံးပြုဖို့ ကြိုးပမ်းနေကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ သစ်သားထုတ်လုပ်အသုံးပြုခြင်းဟာ စွမ်းအင်သုံးစွဲမှုနည်းတဲ့အတွက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျော့နည်းစေပါတယ်။ အဆောက်အအုံနဲ့ ပရိဘောဂများအဖြစ် တည်ရှိနေသရွေ့ သစ်သားဟာ ကာဗွန်ကို သိုလှောင်ထားပါတယ်။ **တစ်ကုဗမီတာထုထည်ရှိတဲ့ ကွန်ကရစ် သို့မဟုတ် သံသတ္တုအစား ၎င်းနဲ့ ထုထည်တူတဲ့ သစ်သားကို အစားထိုး အသုံးပြုခြင်းဟာ ကာဗွန်ဒိုင်အောက်ဆိုဒ် တစ်တန်ထုတ်လွှတ်မှုကို ထိန်းထားတာနဲ့ အတူတူပဲဖြစ်ပါတယ်။** နောင်ဆောက်လုပ်မယ့် အဆောက်အအုံတွေကို ကွန်ကရစ်၊ ပလတ်စတစ်နဲ့ သံမဏိအစား သစ်သားကို ပိုမိုအသုံးပြုတဲ့ပုံစံ ဆောက်လုပ်မယ်ဆိုရင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု သိသိသာသာ လျော့ကျစေနိုင်ပါတယ်။ သိုလှောင်ထားရှိပြီးဖြစ်တဲ့ ကာဗွန်တွေဟာ အဲဒီပစ္စည်းတွေ မဆွေးမြည့်မီနဲ့ မီးရှို့ဖျက်ဆီးမပစ်ခင်အထိ သက်တမ်းတစ်လျှောက် ထိန်းသိမ်းသိုလှောင်ထားမှာ ဖြစ်ပါတယ်။

မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ဖို့အစီအမံများ မလုပ်နိုင်ရင် ကမ္ဘာကြီးရဲ့ အပူချိန်ဟာ ၂၁၀၀ ပြည့်နှစ်မှာ ၁ဒသမ၅မှ ၆ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာပြီး ပင်လယ်ရေမျက်နှာပြင်ဟာ တစ်မီတာမှ နှစ်မီတာအထိ မြင့်တက်လာမယ်လို့ခန့်မှန်းရပါတယ်။ လွန်ခဲ့တဲ့နှစ်ကာလတွေက ထုတ်လွှတ်ခဲ့တဲ့ ဓာတ်ငွေ့တွေကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကို ချက်ချင်း ရှောင်လွှဲနိုင်မှာမဟုတ်ပါဘူး။ အချို့နေရာတွေမှာ အပူလှိုင်းကျရောက်ခြင်း၊ အချို့နေရာတွေမှာ မိုးသည်းထန်စွာရွာသွန်းခြင်းတွေ မကြာခဏကြုံတွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းကြပါတယ်။ အပူပိုင်းဆိုင်ကလုန်းနဲ့ ဆိုးရွားလှတဲ့ မုန်တိုင်းများဖြစ်ပေါ်လာမှုတွေကိုလည်း မျှော်လင့်ထားကြပါတယ်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာနိုင်ပြီး မြောက်မြားစွာသော ရေခဲတောင်များဟာလည်း အရည်ပျော်လာပါလိမ့်မယ်။ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်အများအပြားသည်လည်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ပါတယ်။ အခြားမျိုးစိတ်များဟာ နေရာဒေသအသစ်ဆီသို့ ရွှေ့ပြောင်းသွားပါလိမ့်မယ်။ ဥပမာ- အပူပိုင်းသစ်တောများဟာ မိုးရွာသွန်းမှုနည်းပါးလာတာကြောင့် ၎င်းတို့၏ ထုတ်လုပ်နိုင်မှု စွမ်းရည်ကျဆင်းလာပြီး ခြောက်သွေ့တဲ့ သစ်တောဧရိယာများ တိုးပွားလာနိုင်ပါတယ်။

မြောက်အမေရိကနှင့် ဥရောပတိုက်တို့လို အအေးပိုင်းဒေသတွေမှာတော့ အပူချိန်မြင့်မားမှုက သစ်တောများကို ပိုမိုဖွံ့ဖြိုးစေပြီး အချို့သစ်မျိုးတွေဟာ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်လာနိုင်ပါတယ်။ ဥပမာတစ်ခုကတော့ အင်္ဂလန်နိုင်ငံမှာ ဝက်သစ်ချသစ်မျိုးရဲ့ ပေါက်ရောက်မှုဧရိယာဟာ ရာသီဥတုပူနွေးလာမှုကြောင့် ပိုမိုကျယ်ပြန့်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ စကော့တလန်နဲ့ ဝေလပြည်နယ်တွေမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု ပိုများလာလို့ သစ်တောတွေရဲ့ ကြီးထွားမှုမြင့်မားလာတာကို တွေ့ရမှာဖြစ်ပါတယ်။ သစ်မျိုးတွေရဲ့ ပျံ့နှံ့ပေါက်ရောက်မှုအခြေအနေတွေ ပြောင်းလဲလာမှာဖြစ်ပါတယ်။ အထူးသဖြင့် ပိုးမွှားများပေါက်ပွားမှုဟာ ရာသီဥတုပူနွေးလာရင် ပိုမိုဖြစ်ပွားတတ်လို့ သစ်တောတွေဟာ ပိုးမွှားနဲ့ရောဂါဒဏ်ပိုခံရလာနိုင်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် သစ်တောတွေ ပျက်စီးမှုတို့ ပိုဖြစ်လာနိုင်ပါတယ်။

သစ်တောတွေဟာ ရာသီဥတုပြောင်းလဲမှုနဲ့အတူ ပြောင်းလဲလာပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့်အညီ လိုက်လျောညီထွေဖြစ်ဖို့လည်း စီမံချက်တွေ ချမှတ်ဆောင်ရွက်ဖို့လိုပါတယ်။ သစ်တောတွေကို စီမံအုပ်ချုပ်တဲ့အခါ ရေကြီးမှုကာကွယ်ဖို့၊ မူရင်းဒေသထိန်းသိမ်းဖို့၊ တောရိုင်းတိရစ္ဆာန်တွေ ကျက်စားတဲ့ နေရာတွေ ဖန်တီးပေးဖို့၊ သစ်တောများတည်ထောင်သည့်အခါ သင့်တော်သောသစ်မျိုး ရွေးချယ်ဖို့တို့ကို အထူးဂရုစိုက်စဉ်းစားရန် လိုအပ်ပါတယ်။

သစ်တောပြုန်းတီးမှုကို ကာကွယ်ဖို့နဲ့ ပြန်လည်တည်ထောင်ဖို့လုပ်ငန်းတွေကို ရေရှည်စီမံချက်ချ ဆောင်ရွက်ရပါမယ်။ သစ်တောတွေကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အုပ်ချုပ်ရပါမယ်။ သစ်တောထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွေက ကာဗွန်ဒိုင်အောက်ဆိုဒ်စုပ်ယူမှုကိုဖြစ်စေပြီး မြေကြီးထဲမှာလည်း စုပ်ယူထားနိုင်ပါတယ်။ အချို့လုပ်ငန်းတွေဟာ ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်မယ့်လုပ်ငန်းတွေ ဖြစ်ဖို့လိုပါတယ်။

သစ်တောကာကွယ်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ထာဝစဉ်တည်တံ့ဖို့ စီမံအုပ်ချုပ်ခြင်းတွေဟာ ငွေကြေးကုန်ကျမှုတွေရှိမှာ ဖြစ်ပါတယ်။ ငွေကြေးကျခံသုံးစွဲမှုတွေဟာ နောင်ကာလတွေအတွက် ထိရောက်မှုရှိတယ်လို့ သုတေသနလုပ်ငန်းများက ဖော်ပြထားပါတယ်။ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကို မျှတစွာဆောင်ရွက်ပေးဖို့ နည်းလမ်းများ ရှာဖွေရမှာဖြစ်ပါတယ်။

- ရှိနေတဲ့ သယံဇာတတွေကို ကာကွယ်ဖို့၊ စနစ်တကျ စီမံအုပ်ချုပ်တတ်ဖို့ လိုပါတယ်။
- သစ်တောပြုန်းတီးမှုနှင့် သစ်တောအရည်အသွေး၊ အဆင့်အတန်းနိမ့်ကျမှုကို ကာကွယ်ရပါမယ်။
- သစ်တောဖုံးလွှမ်းမှု အခြေအနေကို ဆက်လက်ထိန်းသိမ်းရပါမယ်။
- သစ်တောကို မှီခိုနေတဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးကို ဖြည့်ဆည်းပေးရပါမယ်။
- ဂေဟစနစ်ဝန်ဆောင်မှုတွေကို ထိန်းသိမ်းစောင့်ရှောက်ရပါမယ်။
- ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေဖြစ်အောင် စီမံချက်တွေ ချမှတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အဲဒီလိုလုပ်ခဲ့ရင်တော့ အခုဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲပြဿနာတွေကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ နောက်မျိုးဆက်သစ်လူသားတွေအတွက် ကျွန်တော်တို့သစ်တောတွေကို ထိန်းသိမ်း စောင့်ရှောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ အင်အားအပြည့်ရှိတဲ့ စွမ်းရည်၊ အခွင့် အရေးနဲ့တာဝန်တွေ ပြိုင်တူရှိနေပါပြီ။ ကျွန်တော်တို့မှာ ဘဝပေးအသိ၊ အတွေ့အကြုံ၊ ဗဟုသုတနဲ့ ကျွမ်းကျင်မှုနည်းပညာတွေ ရှိနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ တစ်ခုခုလုပ်ဖို့ အချိန်တန်ပြီဖြစ်ပါတယ်။

အဲဒါကတော့ သစ်ပင်စိုက်ပျိုးပြီး သစ်တောတွေကို ထိန်းသိမ်းဖို့ပဲ ဖြစ်ပါတယ်။ ။

သရက်ခရိုင် သရက်မြို့ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက်က အစိုးရစက်မှု လက်မှုသိပ္ပံ (သရက်) ကျောင်းဝင်း၌ ကျင်းပရာ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြအေး တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးစဉ်။ (ကြေးမုံ)

ACC U-16 Challenge CUP 2010 ခရစ်ကက်ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်းထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၀ ခုနှစ် ဇူလိုင် ၁၁ ရက်မှစတင်၍ မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပလျက်ရှိသော ACC U-16 Challenge CUP ခရစ်ကက်အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ U-16 လူငယ်လက်ရွေးစင် ခရစ်ကက်အသင်းသည် ယမန်နေ့တွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

မြန်မာ U-16 လူငယ်လက်ရွေးစင် ခရစ်ကက်အသင်းတွင် အုပ်ချုပ်နည်းပြနှစ်ဦးနှင့် လူငယ်အားကစားသမား ၁၃ ဦး စုစုပေါင်း ၁၅ ဦးလိုက်ပါသွားကြောင်း သိရသည်။ (ခရစ်ကက်အဖွဲ့ချုပ်)

တောင်ကြီးအသင်း(ရန်ကုန်)
(၁၆)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၁၀ ခုနှစ် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၃

တောင်ကြီးအသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၆)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အသက် (၇၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင် သား၊ သမီးများနှင့် လှူဒါန်းလိုသော အလှူရှင်များသည် ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ ဖုန်း-၆၆၂၇၃၂၊ ၅၈၁၁၄၇၊ ၆၆၂၇၅၀၊ ၃၈၁၄၃၉၊ ၀၉-၈၆၁၃၁၅၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၁၄-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း-ကြေညာချက်
၇း၀၅	တရားတော် (အာဋာနာဋိယသုတ်) မဓူပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၄၈) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၈)
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (မဆုံနိုင်သောဘဝများ)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (အသားတုကြော်၊ ပုန်းရည်ကြီးသုပ်၊ ပဲပြား၊ ဆူးပုပ်ရွက်ဟင်းချို)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၁၅)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၅၈)
၆း၂၀	ကျေးလက်ဇာတ်လမ်း(တသိမ့်သိမ့်)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှစုံစုံသူ့ဘဝအဖုံဖုံ (ဖြူသီ)
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၈း၂၀	တေးပဒေသာ
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (သတိပြုသင့်သော သန်ကောင်ရောဂါ) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ငူ ဇူလိုင် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)က ဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ဖြူးမြို့ ဈေးဓမ္မာရုံ၌ ကျင်းပရာ ဖြူး(မထသ)ဥက္ကဋ္ဌ ဦးသူရက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးသောင်းမြင့် **(အောက်ပုံ)** အကြီးတန်းစာရေး ဦးစောမင်းဆွေ၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်မိုးတို့က ဟောပြောပို့ချကြရာ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၇၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ (၄၇၂)

အထကသုဝဏ္ဏ ပညာသင်ထောက်ပံ့၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်န်းကျွန်းမြို့နယ် အထကသုဝဏ္ဏကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများအား သတ္တမအကြိမ်မြောက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်၊ စာရေးကိရိယာများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း ကွန်ပျူတာခန်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်မျိုးတို့က အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်ကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ သီရိသုဝဏ္ဏ ပညာခန်းမဆောင်ကြီး ပြန်လည်တည်ဆောက်ရေးအတွက် နာယက ဦးမြင့်စိုးက ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်လှလှမြင့်က ကျေးဇူးတင်စကားပြောကြားသည်။ (ကြေးမုံ)

ကော့မှူးမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ် နေအိမ်အချို့ပြိုလဲခဲ့သဖြင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၃

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းတပင်ကျေးရွာနှင့် သမင်ခြံကျေးရွာတို့၌ ဇူလိုင် ၈ ရက် ညနေ ၆ နာရီခွဲခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်ခဲ့သဖြင့် ထန်းတပင်ကျေးရွာ တောင်ဘက်တစ်မိုင်ခန့်ရှိ လယ်တဲငါးလုံးနှင့် သမင်ခြံကျေးရွာ၌ အိမ်အလုံး ၃၀ ခန့်ပြိုလဲခဲ့ကြောင်း၊ အိမ်အလုံး ၄၀ ခန့်နှင့် ဘုန်းကြီးကျောင်းအမိုးများ လန်သွားခဲ့ကြောင်း သိရှိရသည်။

နေအိမ်ပြိုလဲခဲ့သော မိသားစုများအား အနီးရှိ နေအိမ်များနှင့် ဘုန်းကြီးကျောင်းတို့၌ ယာယီရွှေ့ပြောင်း နေရာချထားပေးပြီး ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ယူနိုက်တက်နှင့် Southern အသင်းတို့ နိုင်ပွဲကိုယ်စီဖြင့် ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်နေ

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Southern Myanmar အသင်းတို့ နိုင်ပွဲများ ရရှိခဲ့ကြသည်။

(အောင်ဆန်းကွင်း)
ရန်ကုန်ယူနိုက်တက်-နှစ်ဂိုး
(လွင်ကိုနိုင်နှင့် ကောင်းစည်သူ)
မကွေး FC-ဂိုးမရှိ
ဒိုင်လူကြီး-ဦးလှမင်း

လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ ခြေစွမ်းပြပြီးဂိုးပြတ် အနိုင်ယူကာ သုံးပွဲဆက်နိုင်ပွဲရရှိသွားခဲ့သည်။ ယခင်ပွဲများတွင် ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံရရှိနေသည့် မကွေးအသင်းမှာ ယနေ့ပွဲတွင် ရန်ကုန်အသင်း၏ ကစားပုံကို အသာယူနိုင်ခြင်းမရှိသောကြောင့် ဒုတိယမြောက်ရှုံးပွဲနှင့် ကြုံတွေ့သွားရခြင်းဖြစ်သည်။

အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် Southern အသင်းနှင့် အပြိုင်ဖြစ်နေသောကြောင့် ရန်ကုန်အသင်းမှာ ပွဲစကတည်းက အနိုင်ရရှိရန် ကြိုးစားသွားခဲ့ပြီး ပွဲအစ ၁၄ မိနစ်မှာပင် တောင်ပံကစားသမား လွင်ကိုနိုင်က အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဆက်တိုက်ဆိုသလို ရန်ကုန်ယူနိုက်တက်အသင်းက ဖိကစားသွားပြီး မကွေးအသင်းမှာ ကွင်းလယ်ကစားပုံမကောင်းသလို ခံစစ်ကလည်း အားပျော့နေ၍ ရန်ကုန်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခြင်းမရှိခဲ့ပေ။

ဒုတိယဂိုး

ရန်ကုန်အတွက် ဒုတိယဂိုးကို ၅၁ မိနစ်တွင် တိုက်စစ်မှူး ကောင်းစည်သူက သွင်းယူပေးခဲ့သည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် လက်ရှိချန်ပီယံရန်ကုန်အသင်းမှာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

(သုဝဏ္ဏကွင်း)
Southern Myanmar-နှစ်ဂိုး
ရတနာပုံ-ဂိုးမရှိ

ရတနာပုံအသင်းကို ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည့် Southern အသင်းမှာ ထိပ်ဆုံးမှ ရန်ကုန်ကို ရမှတ်တူဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ဇေယျာရွှေမြေ-Delta United
(အောင်ဆန်းကွင်း)
မနောမြေ-ကမ္ဘောဇ (ကြေးမုံ)

မကွေးအသင်း၏ ထိုးဖောက်ဂိုးသွင်းမှုကို ရန်ကုန်ဂိုးသမားနိုင်ဇေယျာထွန်း ကာကွယ်စဉ်။

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော် ဇူလိုင် ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်လယ်ဝေးတွင် ၁ ဒသမ ၅၃ လက်မ၊ ကျောက်ဖြူမြို့တွင် ၉ ဒသမ ၁၃ လက်မ၊ ရသေ့တောင်မြို့တွင် ၇ ဒသမ ၂၀လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၈၄ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ရမ်းဗြဲမြို့တွင် ၄ ဒသမ ၄၂ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၁၀ လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် ၃ ဒသမ ၉၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

ဇူလိုင် ၁၄ ရက် ညနေထိခန့်မှန်းချက်။ ။ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၂ဒသမ သုညဒီဂရီစင်တီဂရိတ်)	၉၀ဒီဂရီဖာရင်ဟိုက်	၁၂-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၃ဒသမ ၆ဒီဂရီစင်တီဂရိတ်)	၈၀ဒီဂရီဖာရင်ဟိုက်	၁၃-၇-၂၀၁၀
၉း၃၀ နာရီအချိန်စိုထိုင်းဆ		၈၈ရာခိုင်နှုန်း	၁၃-၇-၂၀၁၀
နေပူသည့်နာရီပေါင်း		၂ ဒသမ ၇ နာရီခန့်	၁၂-၇-၂၀၁၀



လက်ဖက်ရည်ဆိုင်(သို့မဟုတ်) စားသောက်ဆိုင်ငှားမည်

မယ်လမုဘုရားအနီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။

ဖုန်း-၀၉-၈၆၁၉၃၉၉ ၀၉-၅၁၈၂၅၉၉

အိမ်ကောင်းကောင်းအမြန်ငှားလိုသည်

လူနေထိုင်ရန်နှင့် ရုံးခန်းဖွင့်ရန် အိမ်(၁၀)လုံး အမြန်ငှားလိုသည်။ အိမ်ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉၅၁၆၃၅၆၆**

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့်တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၉ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦး Beauty World Co., Ltd. (Boss Ball Pen)က ငွေကျပ် ၁၅ သိန်း၊ အထွေထွေမန်နေဂျာ ဦးသန်းညွန့် MRT Co., Ltd. က ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်းစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က ငွေကျပ်ငါးသိန်း၊ ဦးဝင်းအောင်(MGW ဆောက်လုပ်ရေး)က ငွေကျပ်ငါးသိန်းနှင့် မန်နေဂျင်းဒါရိုက်တာဦးလှထွန်းဦး(ရွှေနီဦးဆောက်လုပ်ရေး)က ငွေကျပ်နှစ်သိန်း အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

ဆက်လက်၍ ဆုရရှိသူများအား မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနော်တောင်၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် နာယက ဒေါ်ခင်ဆွေမြင့်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဆုများချီးမြှင့်ကြသည်။ (စစ်တုရင်အဖွဲ့ချုပ်)

တိုက်ခန်းရောင်းမည်

လမ်း(၅၀)၊ မြေညီ (၁၅ပေ×ပေ၆၀) ဟောင်ကောင် ၂ လွှာ။

ဖုန်း-၀၉-၅၀၁၆၁၃၆ ၀၁-၂၁၀၁၅၉

အိမ်ရောင်းမည်

သီရိလမ်း၊ မဟာမြိုင်ရှပ်ရှင်ရုံအနီး၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့ နေရာကောင်း၊ စီးပွားရေးလုပ်ရန်ကောင်း၊ ဘိုးဘွားပိုင်မြေ(၀.၀၃၃)ဧက BN နှစ်ထပ်၊ ပိုင်ရှင်ကိုယ်တိုင်နေ။ **ဖုန်း-၆၄၁၈၁၃**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၃

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၇)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "ဘာ ကားစီးမလဲ" မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ "နိုင်ငံရေးပါတီများ ပြည်သူ့ရင်ခွင်ကြား စတင်တိုးဝင်ကြလေပြီ" နိုင်ငံရေးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် နိုင်ငံတော်လုပ်ကြံမှုမှ မြင်ကွင်းတစ်ရပ်၊ ဆရာမောင်စူးစမ်းရေးသားသည့် "ဒီမိုကရေစီမော်ဒန်ဖြစ်ရေး ၁၁ ပါး"၊ ဆရာဖွဲ့သန်းသျှင်းရေးသားသည့် "ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းပြုပြည်ပြုရွေးကောက်ပွဲ"၊ ဆရာမောင်သာနုရေးသားသည့် "နိုင်ငံရေးသည်အများသဘောဖြစ်သည်"၊ ချင်းအမျိုးသားပါတီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ အွန်လိုင်းဖြင့်ဈေးရောင်း ဈေးဝယ်စနစ် မြန်မာနိုင်ငံတွင် စတင်မည်၊ ကျပ်သိန်း ၃၀၀၀၀တန်ဖိုးရှိ အစုရှယ်ယာများ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်က ရောင်းချမည်၊ ရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင် ပို့ကုန်အမည် ၅၀၀၀ခန့် အခွန်ပေးစရာ မလိုဘဲ တရုတ်သို့ ပို့နိုင်ပြီ၊ မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း တိုးတက်လာမည် အသေအချာဟု ဗီယက်နမ်ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းက ယုံကြည်နေ၊ သမိုင်းဝင် ခနုတ်စေတီတော်ကို လာမည့်မိုးအကုန်တွင် ပြန်လည်တည်ထားဆောက်လုပ်မည်၊ ပုဂ္ဂလိကဆိဆိုင်များ၌ နိုင်ငံ့ဝန်ထမ်းများကို သုံးလတွဲဖက်ခန့်ထားရမည်ဟုဆို၊ လော့စ်အိန်ဂျလိစ်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ပွဲတော်၌ ရင်ခုန်နှင်းဆီနှင့် ပုံပြင်ဟောင်းပါဝင်ပြသမည်၊ "နံရံမဲ့ပြတိုက်၊ ပျော်ရွှင်စရာ မွေးနေ့နှင့် စံကားပန်းပွင့်ဒဿန" ကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "နိုင်ငံရေးနှင့် စာပေအသိအမြင်" အကြောင်း၊ ဖြစ်ချင်ခဲ့တာက လေယာဉ်မယ်ပါ၊ ဒါပေမယ့် အခွင့်အရေးမရခဲ့ပါဘူး" ချမ်းမီမီကိုနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ဂျပန်ဘောလုံးအသင်းက ဆာမူရိုင်း စိတ်ဓာတ်ကို ပြန်လည်အသက်သွင်းပေးဖွယ်ရှိ၊ ထိုင်းအစိုးရ၏ ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုအလုပ်ဖြစ်ဖွယ်မရှိဟုဆို၊ အင်ဒိုနီးရှားအရှေ့ဘက်ခြမ်းရှိ ပန်ကက်ဂျာရာရေခဲမြစ် လာမည့်ငါးနှစ်အတွင်း ပျောက်ကွယ်နိုင်ဖွယ်ရှိ၊ ကွန်ဂိုတွင် လောင်စာတင်ကားတစ်စီး တိမ်းမှောက် မီးလောင်ပေါက်ကွဲသဖြင့် ကမ္ဘာ့ဖလားဘောလုံးပွဲစောင့်ကြည့်သူများ သေဆုံး၊ ထူးခြားဆန်းပြားသည့် စင်ကာပူရှားပါးလိပ်မျိုးများ အမေရိကန်ပို့၊ ဇာတ်နိမ့်ဇာတ်မြင့်ဆိုင်ရာ လူတန်းစားခွဲခြားမှုများ အိန္ဒိယတွင် ယနေ့တိုင် ဖြစ်ပွားနေ၊ စင်ကာပူဆရာဝန်နှစ်ဦးကို လူနာက တရားစွဲ၊ တရုတ်နိုင်ငံ၏ ဂျီဒီပီ တိုးတက်ပြောင်းလဲမှုကြောင့် ဂျပန်ကို ကျော်တက်လာဖွယ်ရှိ၊ "ရေနံလုပ်ငန်းနှင့်ပတ်သက်၍ လျှို့ဝှက်ချက်ကို ရယူရန် ကြိုးပမ်းမှု စွပ်စွဲချက်ဖြင့် တရုတ်နွယ်ဖွား ကန်နိုင်ငံသား ထောင်ရှစ်နှစ်ချခံရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊စီးပွားရေးကဏ္ဍ၊နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

လုပ်ငန်းလုပ်ရန်နေရာကောင်း

ကန်တော်ကြီး မျှော်စင်ကွန်းအနီး၊ နတ်မောက်လမ်းမပေါ် (ပေ ၃၀ × ၆၅ ပေ) 1MBR, 2BR, 2A/C ရေ+မီး(ပိုင်) အဆင့်မြင့်ပြင်ပြီး ထောင့်ခန်း၊ မြေညီ Nikko Hotel အနီး ရောင်း (သိန်း ၁၅၀၀)ကားပါကင်ကျယ်

ဆက်သွယ်ရန် ဖုန်း - ၀၉-၉၉၇၃၃၄၆၊ ၀၁-၇၃၀၂၉၉၂

CNG ကားရောင်းမည်

လက်ရှိလိုင်းပြေးဆွဲနေသော BM (အ-၁၀၀၀ ကျော်၊ ည-၃၀၀၀ ကျော်၊ စျ-၆၀၀၀ ကျော်)၊ မှန်လုံ (ရိန်းဘိုး ၁က-၉၀၀၀ ကျော်)၊ (အာရှ သ-၉၀၀ ကျော်) **ဖုန်း-၀၅၆-၂၅၀၇၃၊ ၀၉-၅၄၁၅၆၇**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မလွင်လွင်အေး၏ PP-879659 သည် ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၂-၅၂၆၇၉

ပျောက်ဆုံးခြင်း

တင်ထွန်းအောင် အင်တာနေရှင်နယ်ကုမ္ပဏီ၏ မှတ်ပုံတင်မူရင်း စာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၅၁၁၄၄၀၃၊ ၂၀၂၇၅၆

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမြင့်မြင့်ဝင်း၏ PP.A-၃၄၇၁၀၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

Ph-042-57026

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မင်းမင်းသန့်၏ PP-597548သည် ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

၂၈၊ အောင်ရတနာ(၁)လမ်း၊ ၂၈ ရပ်ကွက်၊ မ/ဒဂုံ

လှည်းကူးမြို့ ဈေးကြီးရပ်ကွက် အနောက်မင်းလမ်းမနေ ဦးစိန်မောင် အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

လှိုင်ကော် ဇူလိုင် ၁၃

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးလုံခြုံမှုရှိစေရေးအတွက် သီရိမင်္ဂလာဈေးနှင့် ကန္ဒရဝတီ နှစ်ထပ်ဈေးအတွင်း လျှပ်စစ်ဝါယာကြိုးများသွယ်တန်းထားရှိမှု စနစ်တကျရှိစေရေးနှင့် ဝါယာကြိုးများ ကောင်းမွန်မှုရှိ၊ မရှိ၊ နေ့၊ ည မီးလိုင်းများ ခွဲခြားထားရှိမှုကို ဇူလိုင် ၁ ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်က ရှင်းလင်းတင်ပြသည်။ (ပြည်နယ်စည်ပင်)

ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် အဖွဲ့ရန်ပုံငွေဖြင့် ဇီးကုန်းမြို့နယ် ထန်းရှစ်ပင်ကျေးရွာ၌ မြေသားရေလှောင်ကန် တူးဖော်ဆောင်ရွက်နေမှုကို ဇွန် ၁၅ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ (၆/၂၀၁၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၁၃

မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ (၆/၂၀၁၀) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် မဲရုံနေရာများ သတ်မှတ်ရွေးချယ်မှုစိစစ်ခြင်း၊ မဲစာရင်းများ အတည်ပြုခြင်း၊ မဲစာရင်းပြုစုဆောင်ရွက်ထားရှိခြင်းနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများသင်တန်းပေးမည့် အခြေအနေများအပါအဝင် ရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ (၆/၂၀၁၀) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန် အနောက်ပိုင်းခရိုင် ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ဇူလိုင် ၇ ရက် နံနက်တွင် အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များ ပေးအပ်ရာ ကြည့်မြင်တိုင်မြို့နယ်ဥက္ကဋ္ဌက လက်ခံသည်။ **(ယာပုံ)**

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုးသိန်းက မြို့နယ်များအလိုက် စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်ပြီးနောက် စီမံကိန်းလျာထားချက်များနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ သိရှိနားလည်ရန် အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။ (၀၄)

အရှေ့ပိုင်းခရိုင်ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဝိမုတ္တိရသ ဓမ္မဗိမာန်တွင် ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက မြို့နယ်ကော်မရှင် အဖွဲ့ခွဲမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်မှုသင်တန်းဖွင့်ပွဲ ကျင်းပသည်။

ယင်းသင်တန်းတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်စိုးက အဖွင့်အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြား၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဦးထိန်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း **(အပေါ်ပုံ)**၊ အဖွဲ့ဝင် ဦးတင်အောင်က တိုင်း၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ် ဥပဒေအရာရှိ ဦးစောဒေးဗစ်က ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းဆိုင်ရာဥပဒေများကိုလည်းကောင်း ဟောပြောပို့ချသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏လုပ်ငန်းဆိုင်ရာများကို ဟောပြောပို့ချပြီး မဲရုံများတွင် မဲပေးခြင်း၊ မဲပုံးဖောက်ခြင်းနှင့် မဲရေတွက်ခြင်းဆိုင်ရာ လုပ်ငန်းများကို လက်တွေ့သရုပ်ဖော်ပြသကြကာ သင်တန်းသို့ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ ၃၄၂ ဦးတက်ရောက်ကြသည်။ (၅၃)

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ တွင် ဆောင်ရွက်သည့် တောင်ဘက်မြို့သစ် ဗိုလ်ချုပ်အောင်ဆန်းလမ်း ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇေယျာဦးတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တာရှာတံတားပြုပြင်ရန် ကွင်းဆင်းစစ်ဆေး

ကောလင်း ဇူလိုင် ၁၃

ကောလင်းမြို့နယ် ကျောက်ပြင်သာတိုက်နယ်ကျေးရွာသွားသည့် လမ်းမကြီးပေါ်ရှိ တာရှာတံတား ပျက်စီးနေမှုကိုပြုပြင်ရန် မေ ၇ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးတင့်ဝေတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မော်လီဌေးက ပြုပြင်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖအလှူရှင် မနောမြေအုတ်လုပ်ငန်းပိုင်ရှင် ဦးဌေးအောင်က ကုန်ကျငွေများ ထည့်ဝင်ဆောင်ရွက်သွားမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။ အဆိုပါတံတားမှာ အုတ်ခုံခံသစ်သားတံတားဖြစ်ပြီး အရှည် ၃၅ပေ အကျယ် ၁၅ ပေရှိကာ အလှူငွေကျပ် သိန်း ၂၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၁၀ ရက်က ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းနေ ဦးဝင်း-ဒေါ်သိန်း၊ သား-သရုပ်ဆောင် နေမင်းခ(ဝင်းမေတ္တာ)မိသားစုက ပန်းတည်းတန်းအသင်းက ကြီးမှူး၍ လှူဒါန်းနိုင်ရန်အတွက် ရွှေစင်သုံးကျပ်သား တန်ဖိုးရှိ ငွေသားကျပ် ၁၅၆၀၀၀၀ ကို ပဥ္စမအကြိမ်မြောက် ပေးအပ်လှူဒါန်းရာ အသင်းနာယကနှင့် အလုပ်အမှုဆောင်များ လက်ခံရယူစဉ်။ (၅၄၆)

ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေလှူဒါန်း

အင်းတော် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် နဘားကျေးရွာ အခြေခံပညာတွဲဖက်အထက်တန်းကျောင်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လျက်ရှိရာ မေ ၂၉ ရက်က စေတနာရှင်များ၏ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း၌ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲတွင် ဆုထူးပန် လမ်းတံတားကုမ္ပဏီနှင့် စေတနာရှင် ၃၆ ဦးက ငွေကျပ် ၁၉၇၀၀၀၀ ကိုပေးအပ်လှူဒါန်းကြရာ အင်းတော် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ် ပညာရေးမှူး ဒေါ်တင်စန်းရီနှင့် ကျောင်း ဆောင်သစ်ဆောက်လုပ်ရေး ကော်မတီအဖွဲ့တို့က လက်ခံရယူကြကြောင်း သိရှိရသည်။ (၂၃၃)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ထွန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ဇွန် ၂၀ ရက်က ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့များပါဝင်သော မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့က ပဲခူးမြို့မဈေးကြီးတွင် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းပညာသင်ပေးခြင်း၊ အပေါ့စားမီးသတ်စက်ဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဈေးများ မီးဘေးကာကွယ်နိုင်ရေးအတွက် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများထားရှိမှု၊ လျှပ်စစ်မီးလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှု ရှိ/မရှိ ကို ဇွန် ၉ ရက်တွင် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တာ့လျန်မြို့နှင့် ချင်းတောင်မြို့များသို့ ချစ်ကြည်ရေးခရီးသွားရောက် စက်ရုံ၊ အလုပ်ရုံများ လှည့်လည်ကြည့်ရှုလေ့လာ

ကြည့်ရှုလေ့လာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ တာ့လျန်မီးရထားစက်ခေါင်း ထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျောင်နင်ပြည်နယ် တာ့လျန်မြို့သို့ ဆက်လက်ထွက်ခွာရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၁၁ နာရီတွင် လျောင်နင်ပြည်နယ် တာ့လျန်မြို့သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား တာ့လျန်မြို့ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဟန့်ချန်နှင့် တာဝန်ရှိသူများက တာ့လျန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆